Agribiz News
www.agribiznews.com.mm
e-Paper-0004
၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်



# စားသုံးဆီဖူလုံရေးအတွက် လက်ရှိ ဆီထွက်သီးနှံစိုက်ဧကများ ပန်းတိုင်အထွက်နှုန်း ရရှိရေးကြိုးပမ်းမည်

ကို ရင် အောင် မိုး

မြန်မာနိုင်ငံတွင် နှစ်စဉ် မြေပဲ ဧက(၃)သန်းခန့်၊ နှမ်းသီးနှံ ဧက (၄)သန်းခန့်၊ နေကြာ ဧကတစ်သန်းကျော်၊ ဆီမုန်ညင်း ဧက တစ်သိန်းကျော်နှင့် ပန်းနှမ်း ဧက သုံးသိန်းကျော် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ တွက်ချက်မှုများအရ ပြည်သူတစ်ဦးချင်း၏ ဆီစားသုံးမှုမှာ တစ်နှစ်လျှင် ပျမ်းမျှ(၆)ပိဿာနှုန်း စား သုံး ပါက ပြည်တွင်း ထုတ်လုပ်မှုဖြင့် လုံလောက် နိုင်သော်လည်း လက်ရှိတွင် စားသုံးမှုလိုအပ်ချက်များ အရ ပြည်ပမှ နှစ်စဉ် စားအုန်းဆီ တန်ချိန်များစွာ ဝယ်ယူတင်သွင်းအသုံးပြုနေရမှုအပေါ် နိုင်ငံတော်အစိုးရက စားသုံးဆီဖူလုံရေး အတွက် ဆီထွက်သီးနှံများအား လက်ရှိ စိုက်ဧကအတိုင်း စိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်ရန် လမ်းညွှန်ချက်ကို စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အလေးထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာယခုနှစ်ဆောင်းသီးနှံမှစတင်၍ နိုင်ငံ့စီးပွားမြင့်တင်ရေး ရန်ပုံငွေဖြင့် မြေပဲ တစ်ဧက ကျပ်သုံးသိန်းနှုန်း၊ နေကြာ တစ်ဧက ကျပ်နှစ်သိန်းနှုန်း၊ နှမ်း တစ်ဧက ကျပ် တစ်သိန်းခွဲနှုန်း နှင့် ညီမျှသည့် သွင်းအားစုများ ထုတ်ပေးပြီး၊ ဆီစက် လုပ်ငန်းရှင်များက သီးနှံများ ပြန်လည် ဝယ်ယူသည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည်။

ရာသီ ဆီထွက်သီးနှံများတွင် အများဆုံးစိုက်ပျိုးလျက်ရှိသော နှမ်းသီးနှံသည် တစ်ဧကစိုက်ပျိုးရန် မျိုးစေ့ နှစ်ပြည်သာအသုံးပြုရသဖြင့် မျိုးစေ့လိုအပ်ချက်အနည်းဆုံး ဖြစ်သည့်အပြင် ဆီပါဝင်မှု ၅၄ ရာခိုင်နှုန်းနှင့် ဆီထွက်ရှိမှု အများဆုံး သီးနှံဖြစ်သည်။ ၎င်းအပြင် ပြည်ပဈေးကွက်လည်းရှိသဖြင့် ဆီထွက်သီးနှံများတွင် စိုက်ပျိုးရန် အသင့်တော် ဆုံး သီးနှံတစ်ခုဖြစ်သည့် နှမ်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်နိုင်ရန် စီမံဆောင်ရွက်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ချောင်းမကြီးမျိုးသန့်ခြံအား အဆင့်မြှင့်တင်ခြင်းနှင့် နှမ်းမျိုးစေ့ထုတ်လုပ်မှု တိုးတက် စေရေးစီမံကိန်း ကို မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်မှု အထူးရန်ပုံငွေ အစီအစဉ် (၂၀၂၂) အထောက်အပံ့ဖြင့် စိုက်ပျိုးရေး ဦး စီး ဌာ န ၊ မျိုး စေ့ ဌာ န ခွဲ က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံကိန်းဖြင့်ဆောင်ရွက်သည့် “နှမ်းမျိုးစေ့ထုတ်လုပ်ခြင်း နှင့် မျိုးစေ့အရည် အသွေး ထိန်းသိမ်းခြင်း” သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ(၅)ရက်နေ့နံနက်ပို င်း က ချော င်း မ ကြီး မျိုး သ န့် ခြံ ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဦးဖိုလ်ဖိုလ်ကျော် နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ယခုဖွင့်လှစ်သည့် “နှမ်းမျိုးစေ့ ထုတ်လုပ်ခြင်းနှင့် မျိုးစေ့အရည်အသွေး ထိန်းသိမ်းခြင်း” သင်တန်းက ပို့ချဆွေးနွေးချက်များနှင့်ပတ်သက်၍ သိရှိလိုသည်များ၊ လက်တွေ့လုပ်ငန်းနယ်ပယ်အတွေ့အကြုံများနှင့် ပတ်သက်၍ သိရှိလိုသည်များ ၊ အကြံပြုဆွေးနွေး လိုသည်များကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျွမ်းကျင်သူ ပညာရှင်များနှင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးလေ့လာသွားကြစေလိုကြောင်း၊ သင်တန်း အတွေ့အကြုံများနှင့် လေ့လာသိရှိချက်များကို မိမိတို့ဒေသရှိအခြားမိတ်ဆွေတောင်သူများအား လက်ဆင့်ကမ်းမျှဝေပေးနိုင်ရေးဆက်လက်ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း ပြည်ထောင်စုဝန်ကြီးကအမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး နှင့် တာဝန်ရှိသူများ က သင်တန်းသား တောင်သူများအား ဆင်းရတနာ-၁၄ နှမ်းမျိုး RS အဆင့် မျိုးစေ့နှင့် လေလုံပိတ်မျိုးစေ့သိုလှောင်အိတ်များကို ပေးအပ်ကြရာ သင်တန်းသား ကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြသည်။

“အထွက်အကောင်းဆုံးမျိုးများ အသုံးပြုသော်လည်း စိုက်ပျိုးသည့်ဒေသအလိုက် ကွာခြားမှု ရှိနိုင်သလို၊ စိုက်ပျိုးသည့် ဒေသတူသော်လည်း စိုက်ပျိုးရာသီမတူရင် အထွက်နှုန်း

စာ-၂ သို့

ချဉ်ပေါင်ရွက်နှင့်ကျန်းမာရေး
စာ-၁၂

တန်ဖိုးကြီး ရှားပါး ကသမြင်ငါးနှင့် ဆေးဖက်ဝင် ငါးခြည်ဖောင်း
စာ-၂၀

# ၂၀၂၃ မိုးစပါး တစ်ဧကတင်း ၁၃၀ ထွက်ရှိမှု အတွေ့အကြုံရှင်းလင်းဆွေးနွေး



နေပြည်တော်၊ ဖေဖော်ဝါရီ ၃

စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် အပတ်စဉ်စနေနေ့တိုင်းကျင်းပလျက်ရှိသည့် တောင်သူနည်းပညာဆွေးနွေးပွဲကို ၂၄ ကြိမ် မြောက်အဖြစ် ဖေဖော်ဝါရီ ၃ ရက်နေ့ နံနက်ပိုင်းက ၂၀၂၃ ခုနှစ်မိုးစပါး တစ်ဧကတင်း ၁၃၀ ထွက်ရှိခဲ့မှု အတွေ့အကြုံများ ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သုတေသီ ပညာရှင်များ၊ စိုက်ပျိုးရေးတက္ကသိုလ် ဆရာဆရာမများ၊ ဒက္ခိဏသီရိမြို့နယ်မှ တောင်သူ လယ်သမားများ အပါအဝင် ၁၀၀ ကျော်တက်ရောက်ဆွေးနွေးကြပြီး တိုင်းဒေသကြီး ပြည်နယ်များမှ ကိုယ်စားလှယ်များက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက တောင်သူနှင့်ပညာရှင်များ စဉ်ဆက်မပြတ် ထိတွေ့ပြီး အသိပညာ နည်းပညာများ၊ အတွေ့အကြုံများ ဆွေးနွေးဖလှယ်၍ အဆင့်အလိုက်ဖြေရှင်းရမည့် အကြောင်းအရာများ နည်းလမ်းများ ဖော်ထုတ်သွားကြရန်လိုအပ်ကြောင်း၊ တောင်သူနှင့် ပညာရှင်သည် ဆရာတပည့်မဟုတ်ဘဲ လုပ်ဖော်ကိုင်ဖက်များအဖြစ် ပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ယနေ့အချိန်တွင် လယ်ယာကဏ္ဍကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် လယ်ယာကဏ္ဍကို အသွင်ကူးပြောင်းဆောင်ရွက်ရေးမှာ ပဓာနကျကြောင်း၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆက်စပ်သည့် ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ တောင်သူကြီးများသည် မိမိတို့စိုက်ခင်းကို မိမိတို့၏ သား၊ သမီးကဲ့သို့ဂရုတစိုက်စောင့်ရှောက်မှသာ ပန်းတိုင် အထွက်နှုန်းရှိနိုင်မည်ဖြစ်ပြီး တောင်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းမှုနှင့်အတူ လူမှုစီးပွား ဘဝများလည်း တိုးတက်လာကြမည်ဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲတွင် တောင်သူကြီးများ၏ အတွေ့အကြုံများကို ဆွေးနွေးသွားမှာဖြစ်ပြီး ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားနိုင်မည့် အခွင့်အလမ်းများကို ဖော်ထုတ်ဆွေးနွေးသွားကြရမှာဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် ဒက္ခိဏသီရိမြို့နယ်၊ ထန်းတပင်ကျေးရွာမှ တောင်သူ ဦးမောင်လွင် က စုပါနှံကောက်စပါးကို ပျိုးထောင်စိုက်ပျိုးပြီး တစ်ဧကလျှင်တင်း(၁၃၀)ထွက်ရှိမှု အတွေ့အကြုံများနှင့်ပတ်သက်၍လည်းကောင်း၊ တောင်သူ ဦးစန်းဝင်းက အစေ့ချစိုက်ပျိုးခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ တောင်သူ ဦးဝင်းလှိုင် က ကြဲပက်စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ အားနည်းချက် အားသာချက် အတွေ့အကြုံများကိုလည်းကောင်း မျှဝေဆွေးနွေးကြသည်။

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြင့်နိုင် က စိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ပတ်သက်၍ တင်ပြဆွေးနွေးရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီး သည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စိုက်ပျိုးရေး အဏုဇီဝ ဓါတ်ခွဲခန်းနှင့် အပင် ရောဂါသုတေသန ဓါတ်ခွဲခန်းများ၊ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် အနုဇီဝ ဓာတ်ခွဲခန်းများတွင် ရိုင်ဇိုဘီယမ် ပဲမြစ်ဖုမြေသြဇာမွေးမြူ ထုတ်လုပ်ရေးနှင့် သဘာဝမြေသြဇာ ပြုလုပ်ရာတွင် ဆွေးမြေ့မှုကိုဖြစ်ပေါ်စေသည့် ထရိုင်ခိုဒါးမားမှိုမွေးမြူရေးလုပ်ငန်း၊ မွေးမြူရေး ပညာဌာနဆရာဆရာမများ ကျောင်းသားကျောင်းသူများ ထုတ်လုပ်သည့် အစာတောင့်လုပ်ငန်း သုတေသနဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

MOALI

မျက်နှာဖုံးမှ

ကွာခြားနိုင်ပါကြောင်း၊ ဆောင်ရွက်ခဲ့ပြီးတဲ့စမ်းသပ်တွေ့ရှိချက်များကိုလည်း ဒီသင်တန်းမှာ ဆွေးနွေးပေးမှာဖြစ်တဲ့အတွက် ယခုဒီသင်တန်းမှာ တက်ရောက်တဲ့တောင်သူများအနေနဲ့မိမိတို့ဒေသအလိုက် အထွက်အကောင်းဆုံးဖြစ်မယ့် မျိုးများကိုသေသေချာချာ မှတ်သားပြီး စိုက်ပျိုးကြရမှာဖြစ်ကြောင်း၊ ထို့အပြင် သင်တန်းတက်ရောက်လာသည့်တောင်သူများကို စမ်းသပ် ဒေသအတော်များများတွင် အထွက်အကောင်းဆုံးဖြစ်သည့် ဆင်းရတနာ-၁၄ မျိုးသန့်မျိုးစေ့များကို ပေးလိုက်မှာဖြစ်သည့်အပြင် နှမ်းသီးနှံမျိုးစေ့ထုတ် စိုက်ပျိုးခြင်းနည်းစနစ်နှင့် မျိုးသန့်ထိန်းသိမ်းနည်းများကိုပါ သင်ကြားပေးမည်ဖြစ်သည့်အတွက် လိုက်နာဆောင်ရွက် ခြင်း အားဖြင့် တောင်သူများနှမ်းမျိုးသန့် မျိုးစေ့များသုံးစွဲပြီး သီးနှံအထွက်တိုး ပါစေကြောင်း ဆန္ဒပြုအပ်ပါကြောင်း စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက ပြောကြားသည်။

နှမ်းမျိုးစေ့ထုတ်လုပ်မှု တိုးတက်ရေးစီမံကိန်း၏ လုပ်ငန်းစဉ်များအဖြစ် မန္တလေး တိုင်းဒေသကြီး နှင့် မကွေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၁၀ မြို့နယ် နှင့် မျိုးသန့်ခြံ နှစ်ခြံတွင် နှမ်းသီးနှံဆိုင်ရာ သုတေသန စမ်းသပ်ကွက်များကို သုံးရာသီ ဆောင်ရွက်ခဲ့ပြီး၊ တောင်သူ ကွင်းသရုပ်ပြပွဲများအဖြစ် ကျောက်ဆည်မြို့နယ်တွင်နှင့် ချောင်းမကြီးခြံတို့တွင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ရာ ဒေသနှင့်ကိုက်ညီသည့် နှမ်းမျိုးသစ်များနှင့် စိုက်နည်းစနစ်များ သုတေသနပြု ရှာဖွေခြင်း စမ်းသပ်ကွက်များဆောင်ရွက်ခဲ့သော မန္တလေးတိုင်း ဒေသကြီးမှ ပျော်ဘွယ်၊ မလှိုင်၊ နွားထိုးကြီး၊ ကျောက်ဆည်၊ ညောင်ဦး၊ စဉ့်ကိုင်မြို့နယ်များ နှင့် မကွေးတိုင်း ဒေသကြီးမှ ချောက်၊ ရေနံချောင်း၊ တောင်တွင်းကြီးမြို့နယ်များ ဝန်ထမ်း (၁၅)ဦး ၊ တောင်သူ ၅၀ ဦး တို့အား နှမ်းမျိုးစေ့ ထုတ်လုပ်ခြင်းနှင့် မျိုးစေ့အရည်အသွေး ထိန်းသိမ်းခြင်း နည်းပညာများကို ဖေဖော်ဝါရီ ၅ ရက်မှ ၇ ရက်နေ့အထိ သုံးရက်ကြာ ပို့ချဆွေးနွေးပေးခဲ့ပြီး နေပြည်တော်၊ ရေဆင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရှိ မျိုးစေ့ဘဏ်နှင့် မျိုးစေ့ထုတ် သုတေသနစိုက်ကွင်းများကို လက်တွေ့ကွင်းဆင်းလေ့လာရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကိုရင်အောင်မိုး

Agribiz News www.agribiznews.com.mm
THE AGRIBIZNEWS

တာဝန်ခံအယ်ဒီတာ
ထွန်းသက်ပိုင်

အယ်ဒီတာအဖွဲ့ဝင်များ

ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

ထုတ်ဝေသူ

ဦးမျိုးတင့်ထွန်း(မြ-၀၀၄၁၀)

လိပ်စာ

ရုံးအမှတ်(၄၃)
စိုက်ပျိုးရေး မွေးမြူရေးနှင့်
ဆည်မြောင်း ဝန်ကြီးဌာန
နေပြည်တော်




## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပါသည်။

## မိုးအခြေအနေနှင့်မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည် နယ်၊ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နှစ်ရက်မှ သုံးရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း) နှင့် ချင်းပြည်နယ်တို့တွင် တစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်း ပြည်နယ် (တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပါသည်။

## ညအပူချိန်

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင် ပြည်နယ်၊ ရှမ်းပြည်နယ်၊ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ကရင်ပြည်နယ်နှင့် မွန်ပြည် နယ်တို့တွင် ဖေဖော်ဝါရီလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

## မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင် ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည် နယ်၊ ကယားပြည်နယ်၊ ကရင်ပြည် နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်၊ စစ်ကိုင်း တိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့်နှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် တစ်ရက်မှ သုံးရက်ခန့်နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

## မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့ ၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့်ဇလွန်မြို့တို့တွင်ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်ပြီး ကသာမြို့၊သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင်ပေဝက်ခန့်စီ လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင်ပေဝက်ခန့်စီ လက်ရှိရေမှတ်များ အောက် ကျဆင်းလာနိုင်ပါသည်။

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ ဒွေးဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်ခန့်စီ၊ ငဝန်မြစ်ရေသည် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင်ပေဝက်မှ တစ်ပေခန့်နှင့် ဘီးလင်း မြစ်ရေသည် ဘီးလင်းမြို့တွင်ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး စစ်တောင်း မြစ် ရေသည် မဒေါက်မြို့တွင် သုံးလက်မခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် သုံးလက်မခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် သုံးလက်မခန့်၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင်သုံးလက်မ ခန့်၊ ဒွေးဝတီမြစ်ရေသည် သီပေါမြို့တွင် သုံးလက်မခန့်၊ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးလက်မ ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးလက်မခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန

# တရုတ်နှစ်သစ်ကူးကာလအတွင်း နှမ်းဈေးနှုန်း ပြန်လည်မြင့်တက်

မန္တလေးဈေးကွက်တွင် နှမ်းဈေးနှုန်းများသည် တရုတ်နှစ်သစ်ကူးပွဲတော်ကာလ၌ ပြန်လည် မြင့်တက်လာခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၁ ရက်နေ့၏ နှမ်းဈေးနှုန်းအသီးသီးမှာ ၄၅ ပိဿာ စမုံမျိုး နှမ်းနက် တစ်အိတ်လျှင် ၃၆၀,၀၀၀ ကျပ်၊ နှမ်းဖြူ တစ်အိတ်လျှင် ၃၅၀,၀၀၀ ကျပ်၊ နှမ်းညို တစ်အိတ်လျှင် ၂၈၀,၀၀၀ ကျပ်၊ နှမ်းနီ တစ်အိတ်လျှင် ၂၉၅,၀၀၀ ကျပ်၊ နှမ်းဝါတစ်အိတ်လျှင် ၂၉၀,၀၀၀ ကျပ်နှင့် ဆောင်းနှမ်း တစ်အိတ်လျှင် ၂၉၅,၀၀၀ ကျပ်ဖြစ်ခဲ့ပြီး ဇန်နဝါရီ ၂၉ ရက်နေ့၏ နှမ်းဈေးနှုန်း အသီး သီးမှာ ၄၅ ပိဿာ စမုံမျိုးနှမ်းနက် တစ်အိတ်လျှင် ၄၃၀,၀၀၀ ကျပ်၊ နှမ်းဖြူ တစ်အိတ်လျှင် ၃၉၅,၀၀၀ - ၄၂၀,၀၀၀ ကျပ်၊ နှမ်းညို တစ်အိတ်လျှင် ၃၂၀,၀၀၀ ကျပ်၊ နှမ်းနီ တစ်အိတ်လျှင် ၃၃၀,၀၀၀ ကျပ်၊ နှမ်းဝါ တစ်အိတ်လျှင် ၃၃၀,၀၀၀ ကျပ်၊ ပန်းနှမ်း တစ်အိတ်လျှင် ၂၃၅,၀၀၀ ကျပ်နှင့် ဆောင်းနှမ်း တစ်အိတ်လျှင် ၃၆၅,၀၀၀ ကျပ် ဖြစ်သဖြင့် နှမ်းတစ်အိတ်လျှင် ၃၅,၀၀၀-၇၀,၀၀၀ ကျပ်အထိ ဈေးနှုန်း သိသိသာသာ မြင့်တက်လာကြောင်း အထက်ပါ ကိန်းဂဏန်းများအရ သိရှိရသည်။

ဝယ်လိုအား ခိုင်ခိုင်မာမာရှိခြင်းကြောင့် လက်ရှိ ဈေးကွက်အတွင်း နှမ်းအရောင်းအဝယ်ကို အရှိန်အဟုန်ဖြင့် ရောင်းချလျက်ရှိပါသည်။



နှမ်းကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့လျက် ရှိသည့်အပြင် ဂျပန်၊ ထိုင်း၊ စင်ကာပူ နှင့် တရုတ်တိုင်ပေ စသည့်နိုင်ငံများမှလည်း သိသိသာသာ ဝယ်လိုအား မြင့်တက်လျက်ရှိသည်။ ထို့အပြင် ပြည်တွင်း ဆီကြိတ်စက်များနှင့် နှမ်းယို၊ နှမ်းလှော်ကဲ့သို့ နှမ်းအခြေခံ စားသောက်ကုန်လုပ်ငန်းတို့မှလည်း ဝယ်လိုအား အဆက်မပြတ်ရှိနေပါသည်။

မြန်မာနိုင်ငံသည် ဆီထွက်သီးနှံများအနက်မှ တစ်ခုဖြစ်သည့် နှမ်းကိုပြင်ပဈေးကွက်သို့ တင်ပို့ရာတွင် ပင်လယ်ရေကြောင်းလမ်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တစ်ဆင့် တင်ပို့လျက် ရှိသည်။

ပြီးခဲ့သည့်နှစ် ဧပြီလတွင် ကမ္ဘာ့ထိပ်တန်း စားအုံးဆီ တင်ပို့လျက်ရှိသော အင်ဒိုနီးရှားနိုင်ငံသည် ၎င်းတို့၏ပြည်တွင်းဆီပြတ်လပ်မှုကို လျှော့ချ ရန်အတွက် ပြည်ပသို့ စားသုံးဆီတင်ပို့ခြင်းကို တားမြစ်ကြောင်း ကြေငြာခဲ့ပါသည်။ ထို့ကြောင့် ဆီဖူလုံမှု ရှိစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ဆီထွက်သီးနှံများ(မြေပဲနှင့်နှမ်း) တင်ပို့မှုအား မေလ(၉)ရက်နေ့မှ စ၍ ယာယီ ရပ်ဆိုင်းစေခဲ့ပါသည်။

ကမ္ဘာ့ စားအုန်းဆီ တင်ပို့ရောင်းချမှုအခြေအနေမှာ ပုံမှန်အတိုင်း ပြန်လည်ရောက်ရှိနေပြီဖြစ်သဖြင့် မြန်မာနိုင်ငံ၏ စားသုံးဆီသီးနှံများ တင်ပို့မှုအား ပြန်လည်စတင်ခဲ့ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၅ ရက်နေ့တွင် ထုတ်ပြန်ထားသည့် ကြေညာချက်အရ သိရှိရသည်။

နှင်းရီဝင်း
Global New Light of Myanmar



# ဆင်သေဆည်ရေသောက် WUG အဖွဲ့များကို ဒုတိယဝန်ကြီးတွေ့ဆုံ၊ အင်ဘက်ကုန်း စနစ်ကျလယ်ယာမြေဖော်ထုတ်မှုကြည့်ရှုစစ်ဆေး

နေပြည်တော်၊ဖေဖော်ဝါရီ ၈

**စိုက်**ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၆ ရက်နေ့ နေ့လယ်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့နယ် ဆင်သေဆည် လက်ဝဲမြောင်း လက်တံ ၅ နှင့် လက်တံ၂ ရေသောက်ဧရိယာရှိ ရေအသုံးချသူများအဖွဲ့(WUG) တောင်သူများနှင့်တွေ့ဆုံ၍ နွေစပါး နွေသီးနှံစိုက်ပျိုးနိုင်ရေး အတွက် လိုအပ်ချက်များ ကူညီပံ့ပိုးပေးနိုင်ရေး၊ မြောင်းအလိုက် ရေပေးရက်များနှင့် ပတ်သက်၍ တောင်သူများ၏ သဘောထားများ၊သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရန် လုပ်ငန်းများ ၊ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ သိရှိလိုသည်များနှင့်ပတ်သက်၍ စိုက်ပျိုးရေးဦးစီး ဌာန Call Center သို့ ဆက်သွယ် မေးမြန်းနိုင်မှုတို့ကို ရှင်းနီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တပ်ကုန်းမြို့နယ် အင်ဘက်ကုန်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စနစ်ကျလယ်ယာမြေ ၁၂၃ ဧက ဖော်ထုတ်ခြင်းလုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းတွင် ပါဝင်သည့် တောင်သူများနှင့်တွေ့ဆုံကာ နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်မိုးစပါးစိုက်ပျိုးရာသီတွင် ဆောင်ရွက်ခဲ့မှု အတွေ့အကြုံများအား မေးမြန်းဆွေးနွေးသည်။

တောင်သူများနှင့်တွေ့ဆုံစဉ် ဒုတိယဝန်ကြီး က ဆွေးနွေးမှာကြားရာ၌ စိုက်ပျိုးရေး လုပ်ငန်းတွင် မျိုးကောင်းမျိုးသန့်မျိုးစေ့များနှင့် ဓါတ်မြေဩဇာများ အသုံးပြုနိုင်ခြင်းဖြင့် သီးနှံများအောင်မြင်ဖြစ်ထွန်းပြီး တောင်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာစေရန်ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိမိတို့ရရှိသည့် သွင်းအားစုများ၏ ဈေးနှုန်းနှင့် အရည်အသွေး မှန်ကန်စေရေး စိစစ်အသုံးပြုရန်လိုအပ်သည့်နည်းတူ ပြန်လည်ပေးသွင်းရာတွင်လည်း သက်ဆိုင်သူအားလုံးက အပြေအကျေပေးသွင်းမှသာ နောက်သီးနှံအတွက် လည့်ပတ်အသုံးပြုနိုင်ကြမည်ဖြစ်ပါကြောင်း၊စိုက်ပျိုးရန် သီးနှံမျိုးလိုအပ်ချက်၊ မြေယာ ပြုပြင်အသုံးပြုမှု၊ စိုက်ပျိုးရေ စနစ်တကျအသုံးပြုနိုင်ရေးနှင့် နည်းပညာလိုအပ်ချက်များကို နိုင်ငံတော်ကဘက်စုံမှ ဖြည့်ဆည်း ဆောင်ရွက်ပေးပြီးဖြစ်ရာ သီးထပ်စွမ်းအားပြည့်စိုက်ပျိုး နိုင်ရေးနှင့် တစ်ဧကချင်း ၏ သီးနှံအထွက်နှုန်းမြင့်မားရေးကို တောင်သူများဘက်က အားထုတ်ကြိုးပမ်းပေးကြရန်လိုအပ်ပါကြောင်း၊ စိုက်ပျိုးရေခွဲဝေသုံးစွဲမှုစနစ် မှန်ကန်စေရေး အတွက် ရေသောက်စနစ်တွင်ပါဝင်သောတောင်သူများဖြင့် ရေအသုံးချသူများအဖွဲ့(WUG) ဖွဲ့စည်းပေးသွားမည်ဖြစ်၍ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယခုဖော်ထုတ်သည့် စနစ်ကျလယ်ယာမြေ စီမံကိန်းတွင်ပါဝင်သည့် တောင်သူ(၇၀) ဦး အနေဖြင့် အချင်းချင်း ပိုင်ဆိုင်မှုအငြင်းပွားခြင်းမရှိပဲ လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ကြွေးကျန်ကင်းရှင်းပါက လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ (၇) အသစ် လဲလှယ်ထုတ်ပေးခြင်းကို ကျေးရွာအရောက် တစ်နေရာတည်းတွင် အပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့သို့ဆောင်ရွက်နိုင်ကြမည်ဆိုပါက တစ်နိုင်ငံလုံးတွင် စံပြဆောင်ရွက်ပေးနိုင်မှုဖြစ်သည့် အတွက် စီမံကိန်းတွင် ပါဝင်သည့် တောင်သူများ၏ စည်းလုံးညီညွတ်မှုကို ထုတ်ဖော်ပြသနိုင်ရေး ကြိုးပမ်းသွားကြရန် တိုက်တွန်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက စနစ်ကျလယ်ယာမြေအဖြစ် ရေသွင်းမြောင်း၊ ရေထုတ်မြောင်း၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ခြင်း အပါအဝင် မြေမျက်နှာပြင်တစ်ခုလုံး တူးဖော်ဆောင်ရွက်ရခြင်းဖြစ်၍ ပထမတစ်သီး စိုက်ပျိုးချိန်တွင် သီးနှံအထွက်နှုန်းထိခိုက်မှုမဖြစ်ပေါ်စေရန် ရိုင်ဇိုဘီယမ် ပဲမြစ်ဖုမြေဩဇာ အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ နွေစပါးပန်းတိုင်အထွက်ရရှိရန် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ သဘာဝ မြေဩဇာ ၊ ဓါတ်မြေဩဇာနှင့် သွင်းအားစုများစနစ်ကျမှန်ကန်စွာ သုံးစွဲရန်လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

၎င်းနောက် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ရှားတောကျေးရွာ တောင်သူများ ၏ လယ်မြေတွင် စက်မှုလယ်ယာဦးစီးဌာနက တိုက်ရိုက်မျိုးစေ့ချစက်ဖြင့် နွေစပါး ၁၅ ဧကကို မျိုးစေ့ချ စံနမူနာပြဆောင်ရွက်ပေးနေမှု နှင့် လက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါး ၅ ဧက စံနမူနာပြ စိုက်ပျိုးပြသနေမှုတို့ကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် ခင်မင်ရင်းနှီးစွာ တွေ့ဆုံ၍ ရာသီအလိုက် သီးနှံ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

MOALI

# ကျောင်းနေအရွယ် ကလေးငယ်များ နို့တိုက်ကျွေးရေးအစီအစဉ်ဆောင်ရွက်

ပြင်ဦးလွင် ဖေဖော်ဝါရီ ၈

**ကျောင်း**နေအရွယ်ကလေးငယ်များ နို့တိုက်ကျွေးရေးအစီအစဉ်ဖြင့် ဖေဖော်ဝါရီ ၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးဆောင်၍ ကြီးကိုင်ကျေးရွာ မူလတန်းကျောင်းမှ ကျောင်းသူကျောင်းသား၂၅၂ ဦးအား နွားနို့တိုက်ကျွေးခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

LVBD



# ဟသ်ာတငရုတ်သီးများအမြင့်ဆုံးဈေးဖြင့် ဈေးကွက်အတွင်း ဝင်ရောက်

ဟသ်ာတမြို့မှ မိုးထောင်ငရုတ်သီး အသစ်နှင့် ငရုတ်သီးအနီတောင့်ရှည် အသစ်များ ရန်ကုန် ဈေးကွက်သို့ ဇန်နဝါရီလ (၁၈)ရက်နေ့မှစတင်၍ ရောက်ရှိလာကြောင်း ငရုတ်ကုန်သည်များထံမှ သိရှိရသည်။

မိုးထောင်ငရုတ်သီးအသစ်နှင့် ဟသ်ာတငရုတ်သီး အနီတောင့်ရှည် ဈေးနှုန်းများမှာ တစ်ပိဿာလျှင် ၁၃,၀၀၀ ကျပ် နှင့် ၁၃,၅၀၀ ကျပ် အသီးသီး ပေါက်ဈေးရှိသည်။ သို့သော် ဈေးနှုန်းမြင့်မားမှုကြောင့် ဝယ်လိုအား အလွန်နည်းနေသည်။

ယခုရက်ပိုင်းအတွင်း အခြားငရုတ်သီးဈေးနှုန်းများမှာ သာစည်ငရုတ်ရှည် တစ်ပိဿာလျှင် ၁၃၀၀၀ ကျပ် နှင့် စလင်းမှ ငရုတ်သီးအနီတောင့်ရှည် အစို တစ်ပိဿာလျှင် ၁၃၀၀၀ ကျပ် ပေါက်ဈေးရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ငရုတ်သီး၏ အသေးစိတ်လက္ခဏာများကို ကြည့်ပါက သာစည်ငရုတ်သီးတောင့်ရှည်သည် အရောင်ဖျော့ကာ အခွံပါးပြီး ဟသ်ာတ ငရုတ်သီးတောင့်ရှည်သည် ကွေးသော ရန်ကုန်ဈေးကွက်သို့ရောက်ရှိရန် မျှော်မှန်းထားကြောင်း အစီရင်ခံစာတွင် ဖော်ပြ ထားသည်။ ယခင်နှစ်က ယင်းဒေသများမှ ထွက်ရှိသော ငရုတ်သီးတောင့်ရှည် လက်ကျန်တချို့သည် ဂိုဒေါင်များတွင် ကျန်ရှိနေပါသေးသည်။ တစ်ပိဿာလျှင် ၆၀၀၀-၇၀၀၀ ကျပ် ရှိသော်လည်း အညိုရောင်ပြောင်းသွားသည့် ငရုတ်သီးများကို အခြောက်ခံရန်အတွက်သာ အသုံးပြုသင့်ပါသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့ ပေါက်ဈေးမှာ ဟသ်ာတမှ ငရုတ်သီးအနီတောင့်ရှည် အသစ် တစ်ပိဿာလျှင် ၁၃,၀၀၀ ကျပ်၊ ပန်းရဲငရုတ်နီအသစ် တစ်ပိဿာလျှင် ၁၂,၀၀၀ ကျပ်၊ မိုးထောင်ငရုတ်သီး တစ်ပိဿာလျှင် ၁၂,၀၀၀ ကျပ်နှင့် ဆင်ဖြူကျွန်းမှ ငရုတ်ပွသီး အစို တစ်ပိဿာလျှင် ၁၆,၀၀၀ ကျပ် အသီးသီး ရှိကြောင်း အချက်အလက်ပောင်းများအရ သိရှိရသည်။

မြစ်ဝကျွန်းပေါ်ဒေသများမှ ငရုတ်သီးအထွက်နှုန်း မြင့်မားလာခြင်းကြောင့် ငရုတ်သီး ဈေးများ ကျ



ပုံသဏ္ဍာန် ရှိသည်။ ပန်းရဲငရုတ်သီးတောင့်ရှည် တစ်မျိုးတည်းသာ ဝယ်လိုအား မြင့်မားပါသည်။

အအေးခန်းစနစ်ဖြင့် သိုလှောင်ထားသည့် မိုးထောင်ငရုတ်သီး တစ်ပိဿာလျှင် ၁၀,၈၀၀ ကျပ်၊ ပျော်ဘွယ်၊ ရမည်းသင်း နှင့် သဲတောမြို့နယ်များမှ မိုးထောင်ငရုတ်သီး ပေါက်ဈေးမှာ တစ်ပိဿာလျှင် ၁၀,၅၀၀ ကျပ်၊ ရှမ်းပြည်နယ်မှ မိုးထောင်ငရုတ်သီး တစ်ပိဿာလျှင် ၁၀,၀၀၀ ကျပ်နှင့် ဟသ်ာတမှ မိုးထောင်ငရုတ်သီး တစ်ပိဿာလျှင် ၁၃၀၀၀ ကျပ် ပေါက်ဈေးရှိသည်။ အညှာခြွေထားသည့် ငရုတ်သီးများနှင့် မိုးငရုတ်သီးများကို နယ်စပ်မြို့များသို့ ပို့ဆောင်ကြပါသည်။

ဝါးခယ်မ၊ အိမ်မဲ၊ ရွှေလောင်း နှင့် ပန်းတနော်ဒေသများမှ ငရုတ်သီးများသည် သင်္ကြန် ကာလအတွင်း ဆင်းဖွယ်ရှိကြောင်း စိန်ပန်းလမ်းရှိ ဘုရင့်နောင်ဒိုင်မှ ငရုတ်နှင့်နနွင်းကုန်သည်တစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ဟသ်ာတမှ ငရုတ်သီးများသည် မြစ်ဝကျွန်းပေါ်ဒေသရှိ အခြားဒေသများမှ ငရုတ်သီးများထက် လအနည်းငယ်စောပြီး ရန်ကုန်ဈေးကွက်သို့ ရောက်ရှိလာသောကြောင့် ဟသ်ာတငရုတ်သီးများသည် ဈေးနှုန်း မြင့်ပါသည်။

သို့သော်လည်း ရန်ကုန် ဘုရင့်နောင်ဈေးကွက်တွင်အရောင်းအဝယ်နည်းပါးနေပြီး ကုန်တင်ယာဉ်များ ဝင်ရောက်မှုနည်းပါးသည်ဟု ကုန်သည်များက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဟောမန်အောင်မင်း

The Global New Light of Myanmar



# တရုတ်နိုင်ငံ၏ ပဲပုပ်အထွက်နှုန်း ၂၀၂၃ တွင် စံချိန်တင် မြင့်မားခဲ့

တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ပဲပုပ်အထွက်နှုန်း စံချိန်တင်ခဲ့ပြီး တန်ချိန် ၂၀ ဒသမ ၈၄သန်း ရှိကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ သည်ဟု သိရှိရ သည်။

ယခင်နှစ်တွင် တရုတ်နိုင်ငံ၏ ဆီထွက်သီးနှံစိုက်ပျိုးမှု တရုတ်မိုသန်း ၂၀၀ ကျော်ရှိသည့် အနက် ပဲပုပ်စိုက်ဧရိယာသည် တရုတ်မို ၁၅၇ သန်း (ဟက်တာ ၁၀ ဒသမ ၄၇ သန်းခန့်)ရှိခဲ့သည်ဟု စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Deng Xiaogang က သတင်းစာရှင်းလင်း ပွဲတွင် ပြောကြားခဲ့ကြောင်း သိရှိရသည်။

၂၀၂၃ ခုနှစ်တွင် လူဦးရေစုစုပေါင်း ၃၃ ဒသမ ၉၆၉သန်းကို အလုပ်ခန့်ထားနိုင်ခဲ့ပြီး နှစ်စဉ်လျှာ ထားချက် ၃ ဒသမ ၇၇၇ သန်းထက် ကျော်လွန်ခဲ့ကြောင်း၊ မျိုးစေ့လုပ်ငန်း ပြန်လည် ရှင်သန်လာမှုသည် ရလဒ်ကောင်းများ ရရှိစေခဲ့ပြီး မျိုးစေ့ ၅၃၀,၀၀၀ ကျော်ကို စုဆောင်းထားသည်ဟု Deng က ပြော ကြားခဲ့ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းထားပြီး စီးပွားရေးပြန်လည်ဦးမော့လာရေးနှင့် အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ခိုင်မာသော အထောက်အပံ့များ ပေးအပ်ခဲ့သည်ဟု ၎င်းက ပြောကြားခဲ့ ကြောင်း သိရှိရသည်။

အမျိုးသားစာရင်းအင်းဗျူရို၏ ကနဦးအချက်အလက်များအရ တရုတ်နိုင်ငံ၏ သီးနှံအထွက် နှုန်းသည် တစ်နှစ်ထက်တစ်နှစ် ၁ ဒသမ ၃ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် တန်ချိန် ၆၉၅ ဒသမ ၄၁ သန်းအထိ မြင့်တက်လာခဲ့ကြောင်းနှင့် သီးနှံရိတ်သိမ်းမှုတန်ချိန် သန်း ၆၅၀ ကျော်ကို ၉ နှစ် ဆက်တိုက်မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံသည် သီးနှံအထွက်တိုးမှုနှင့် အရန်သိုလှောင်ထားခြင်းကြောင့် ၎င်း၏ သီးနှံ လက်ကျန်နှင့် စားသုံးမှုအချိုးသည် နိုင်ငံတကာ သီးနှံဖူလုံရေးသတ်မှတ်ချက်ထက် ပိုမိုကောင်းမွန်သည်ဟု ဝန်ကြီးဌာနမှ တာဝန်ရှိသူ Chen Bangxun က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်ဟု သိရှိရသည်။

ကေခိုင်ကျော်

https://english.news.cn/20240123/b0189b21ca104a448a5ad0915bf331ed/c.html

စာ- ၆ မှ

နိုင်သော (Bio-degradable) ပလပ်စတစ်ပြုလုပ်နိုင်ရန် ကြိုးပမ်းလျှက်ရှိကြောင်း၊ ဥရောပတွင် ကုမ္ပဏီများစွာသည် 2G အီသနောထုတ်လုပ်နိုင်ရန် ရင်းနှီးမြှုပ်နှံထားကြကြောင်းနှင့် အိန္ဒိယသည်လည်း အဆိုပါ ကိစ္စရပ်အား အထူး ကြိုးပမ်းဆောင်ရွက်လျှက်ရှိကြောင်း Phukan မှ ပြောကြားခဲ့သည်။

သို့ဖြစ်ရာ အိန္ဒိယနိုင်ငံတွင် လောင်စာဆီလိုအပ်ချက်အတွက် ဇီဝလောင်စာဆီ ထုတ်လုပ်နိုင်ရေး သကြားနှင့်ပြောင်းတို့အပြင် ဝါးမှ ထုတ်လုပ်နိုင်ရေးအတွက် အာသံပြည်နယ်တွင် ကြိုး ပမ်းဆောင်ရွက်လျှက် ရှိမှုအခြေအနေအားတင်ပြလိုက်ရပါသည်။

မျိုးမြင့်မောင်

Assam's bamboo-based refinery generates interest among private investors from varied sectors, The Economic Times,

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် လပွတ္တာ ကျွဲမွေးမြူရေး သုတေသနနှင့် မျိုးထိန်းမျိုးပွားခြံ သွားရောက် ကြည့်ရှု

လပွတ္တာ ဖေဖော်ဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီး နယ်/လုံဝန်ကြီး၊ တိုင်းဒေသကြီးမွေးမြူရေးနှင့်ကုသရေးဦးစီးမှူး၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ လိုက်ပါလျက် ဖေဖော်ဝါရီ ၈ ရက် နေ့လယ် ၂ နာရီ တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ လပွတ္တာမြို့နယ်၊ ကျွဲမွေးမြူရေး သုတေသနနှင့် မျိုးထိန်းမျိုးပွားခြံသို့ လာရောက်ကြည့်ရှုပြီး ဒေသကျွဲ မျိုးများ မွေးမြူထုတ်လုပ်မှုအခြေအနေ၊ နှစ်စဉ်တိုးတက်မျိုးထုတ်လုပ်နိုင်မှု အခြေအနေများကို မေးမြန်းပြီး ကျွဲခြံတည်ဆောက်မှုနှင့်ကျွဲများအား ကြည့်ရှုစစ်ဆေးပြီး နို့စားကျွဲများ မွေးမြူနိုင်ရန်လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရသည်။ LVBD



# အိန္ဒိယ ဝါးအခြေခံ ဇီဝလောင်စာ စက်ရုံများတွင် ရင်းနှီးမြှုပ်နှံသူများ စိတ်ဝင်စားလျက်ရှိ

အိန္ဒိယနိုင်ငံ၏ လျင်မြန်စွာကြီးထွားလျက်ရှိသော စီးပွားရေးကို အရှိန်မြှင့်တင်ရန်လိုအပ်သည့် စွမ်းအင်ကဏ္ဍအား ဖြည့်ဆည်းနိုင်ရေးအတွက် အလွယ်တကူစိုက်ပျိုးထုတ်လုပ်နိုင်သည့်ဝါးများကို စိုက်ပျိုးရန် လက်ဖက်စိုက်ပျိုးသူများ၊ ဝါဂွမ်းကုန်သည်များ၊ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် သကြားစက်များက စိတ်ဝင်စားလျက်ရှိကြောင်း၊ တစ်ချိန်တည်းတွင် ပုဂ္ဂလိကနှင့်အများပိုင် ရင်းနှီးမြှုပ်နှံသူအများအပြားသည် အာသံပြည်နယ်၊ ဇီဝသန့်စင်စက်ရုံ (Assam Bio Refinery ) ၏ ဝါးမှအီသနော ထုတ်လုပ်ရေးစတင်နိုင်မည့်အချိန်ကို စောင့်ဆိုင်း နေကြကြောင်း၊ Assam Bio Refinery သည် Finland မှ Fortum နှင့် Chempolis ကုမ္ပဏီတို့နှင့် ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်သည့် Numaligarh Refinery Ltd (NRL) တို့အကြား ဖက်စပ်ဆောင်ရွက်ထားသည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထား သည်။

NRL ၏မန်နေးဂျင်းဒါရိုက်တာ Bhaskar Phukan က စွမ်းအင်ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် NTPC သည် ၎င်းတို့နှင့် ဆွေးနွေးနေပြီး အလားတူစက်ရုံတစ်ခု တည်ဆောက် သွားမည်ဖြစ်ကြောင်းနှင့် မြေနေရာအားရွေးချယ်ထားပြီးဖြစ်ပါကြောင်း၊ လက်ဖက်စိုက်ပျိုးသူ ၂၅ ဦးခန့်ကလည်း လက် ဖက်စိုက်ခင်း အတွင်း နေရာလွတ်များစွာ ကျန်ရှိနေသည်ဟု မိမိတို့ထံ ချဉ်းကပ်ပြောဆိုမှုများ ရှိကြောင်း မွမ်ဘိုင်းတွင်မကြာသေးမီက ပြုလုပ်ခဲ့သော သဘာဝပတ်ဝန်းကျင်ရေရှည် တည်တံ့မှုဆိုင်ရာ ထိပ်သီးအစည်းအဝေးတွင် The Economic Times သတင်းစာသို့ ပြောကြားခဲ့ကြောင်း သိရသည်။

Oil India Ltd ၊ Assam အစိုးရနှင့် Engineers India Ltd ၏ ဖက်စပ်ကုမ္ပဏီ NRL သည် ရင်းနှီးမြှုပ်နှံမှု ရူပီး သန်းပေါင်း ၄၂၀၀၀ ဖြင့် အိန္ဒိယနိုင်ငံ၏ ပထမဆုံး ဝါးအခြေခံ ဇီဝလောင်စာ စက်ရုံကို တည်ထောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဖက်စပ်လုပ်ငန်းသည် စွမ်းအင် ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသူများအကြား စိတ်ဝင်စားမှုကို ရရှိနေပြီကြောင်း Phukan က ပြောကြား ထားသည်။

အိန္ဒိယသည် အီသနော ထုတ်လုပ်ရာတွင် အသုံးပြုသည့် သကြား၊ ပြောင်း၊ ဆန် စသည့် အရင်းအမြစ်များ ထုတ်လုပ်မှုကျဆင်းခြင်းအား ရင်ဆိုင်နေရသဖြင့် 2G ethanol ဟုခေါ်သော စား သောက်ကုန်မဟုတ်သည့်ထုတ်ကုန်မှ အီသနောထုတ်လုပ်မှုကို မြှင့်တင်ရန် ကြိုးစားနေကြောင်း၊ စီမံကိန်းစတင်သည့်အချိန်တွင် အာသံပြည်နယ်၏ ဝါးကိုအခြေပြုသည့် ဇီဝလောင်စာစက်ရုံ၏ ကုန်ကျစရိတ်များကိုအကောင်းဆုံးဖြစ်အောင်လုပ်နိုင်ရန်ဖြစ်နိုင်ခြေရှိ/မရှိ သိနိုင်ရန် အင်ဂျင်နီယာပညာရှင်တွေကို စေလွှတ်ချင်သည်ဟု နိုင်ငံ၏ ထိပ်တန်းသကြားထုတ်လုပ်သူတစ်ဦးက ပြောကြားခဲ့ကြောင်း လည်း သိရသည်။

ဆိုလာစွမ်းအင်ထုတ်လုပ်မှုတွင် အစပိုင်း၌ တစ်ယူနစ် ကုန်ကျစရိတ်မှာ ရူပီး ၁၆၀ ရှိခဲ့ပြီး ယခုမှသာ တစ်ယူနစ်လျှင် ၂ ရူပီး ကျသင့်တော့ကြောင်း၊ အလားတူ ဝါးမှ အီသနောထုတ်လုပ်နိုင် ရန်အတွက် ရူပီး သန်းပေါင်း ၄၂၀၀၀ ရင်းနှီးမြှုပ်နှံမှုမှာလည်း အစပိုင်းတွင် အကောင်အထည် ဖော်နိုင်ရန် အခက်အခဲများရှိနိုင်ကြောင်း အဆိုပါပုဂ္ဂိုလ်က ပြောကြားခဲ့သည်။

NRL သည် ဇီဝလောင်စာစက်ရုံ ရင်းနှီးမြှုပ်နှံမှုမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်သည့် အချိန်တွင် အကျိုးအမြတ်များ ပိုတိုးမြှင့်ရရှိရန်မျှော်လင့်ထားကြောင်း၊ လက်ရှိတွင် ရင်းနှီးမြှုပ်နှံမှုမှ ၁၄ ရာခိုင်နှုန်းခန့် အကျိုးအမြတ်ရရှိရန် မျှော်လင့်ထားကြောင်း၊ ထို့ပြင် အာသံပြည်နယ်ရှိ ဂုဝါဟတီ နည်းပညာအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ဝါးကို အခြေပြု၍ အီသနောထုတ်လုပ်ခြင်းမှ ရရှိလာသော furfural အား ဇီဝပျက်စီး

စာ-၅ သို့





# အိန္ဒိယ ပဲစင်းငုံ လက်ကားဈေး
# တစ်လအတွင်း ငါးရာခိုင်နှုန်းမြင့်တက်

အိန္ဒိယနိုင်ငံတွင် ပဲစင်းငုံလက်ကားဈေးသည် သီးနှံသစ်များရိတ်သိမ်းမှုနှင့် မြန်မာနိုင်ငံမှ တင်သွင်းမှုများ ဆက်တိုက်ဝင်ရောက်လျက်ရှိသော်လည်း ပြီးခဲ့သည့်လတွင် ငါးရာခိုင်နှုန်း မြင့်တက် လာခဲ့သည်ဟု လုပ်ငန်းရှင်များ၏ ပြောကြားချက်အရသိရှိရကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်တွင် တစ်ကီလိုဂရမ်လျှင် အမြင့်ဆုံး ၂၀၀ ရူပီးသို့ ရောက်ရှိခဲ့သည့် ပဲစင်းငုံ၏ လက်လီဈေးသည် အစိုးရ၏ ပံနီလေးတင်သွင်းမှုများကို လွတ်လပ်စွာတင်သွင်းခွင့်ပြုခဲ့ခြင်း၊ ပဲများ သိုလှောင်ထားရှိမှုကို ကန့်သတ်ခြင်း၊ Bharat အမှတ်တံဆိပ် ကုလားပဲခွဲခြမ်းများကို ပြည်သူများထံသို့ ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချပေးခြင်း စသည့် ဈေးနှုန်းထိန်းချုပ်ရေး စီမံဆောင်ရွက်မှုများကြောင့် ယခုနှစ် ဒီဇင်ဘာလတွင် ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း၊ ထို့အတွက် ယခုနှစ်ပဲစင်းငုံ ရိတ်သိမ်းချိန်၌ ခွဲ/ခြမ်းသန့်စင်ခြင်းမပြုရသေးသော ပဲစင်းငုံအလုံး လိုက်ဈေးများ ကြီးကြီးမားမားကျဆင်းခဲ့ကြောင်း၊ အကျိုးရလဒ်အနေဖြင့် တောင်သူအများစုသည် ၎င်းတို့၏ ထွက်ကုန်များကို ရောင်းချခြင်း မပြုသည့်အတွက် ဈေးကွက်အတွင်း ပဲစင်းငုံဈေးကွက်ဝင်ရောက်မှု လျော့နည်းသွားကြောင်း၊ အမြင့်ဆုံး ၁ ကီလိုဂရမ်လျှင် ၁၂၀ ရူပီးရရှိမှုမှ ၁ ကီလိုဂရမ် လျှင် ၈၅ ရူပီးအထိ ကျဆင်းသွားပြီးနောက် ယခုအခါ ပဲစင်းငုံဈေးသည် လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ကြောင်း ပဲစင်းငုံ ကြိတ်ခွဲစက်လုပ်ငန်း ဆောင်ရွက်သူ Nitin Kalantry က ပြောကြားထားသည်။

အိန္ဒိယ ပဲမျိုးစုံနှင့် ကောက်ပဲသီးနှံအသင်း (IPGA) ၏ အဆိုအရ ပဲစင်းငုံကြိတ်/ခွဲ စက်လုပ်ငန်းများမှ ပဲစင်းငုံ အလုံးလိုက်ဝယ်ယူမှု မြင့်တက်လာခြင်းကြောင့် ပဲစင်းငုံဈေးသည် လေးပတ်ဆက် တိုက် မြင့်တက်လာခဲ့ကြောင်းသိရသည်။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံနှင့် အာဖရိကတို့မှ ပဲစင်းငုံကို တင်သွင်းပြီး ၎င်း၏ပြည်တွင်း လို အပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိရာ ယခုအခါ အာဖရိကမှ တင်ပို့မှုများသည် ဒေသန္တရအစိုးရထံမှ အတားအဆီးများနှင့်ရင်ဆိုင်နေရသကဲ့သို့ မြန်မာနိုင်ငံမှ ပို့ကုန်များမှာ မျှော်လင့်ထားသည်ထက်နည်းပါးနေကြောင်း ပဲလုပ်ငန်းကဏ္ဍမှ တာဝန်ရှိသူများက ပြောကြားထားသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံတွင် ပဲစင်းငုံ ဝယ်လိုအားမြင့်တက်လျက်ရှိသော်လည်း အာဖရိက နိုင်ငံများမှ ပဲစဉ်းငုံတင်သွင်းရာတွင် အခက်အခဲများကြောင့် ဈေးကွက်တွင် ရရှိနိုင်မှု လျော့နည်းခြင်း တို့ကြောင့် ဈေးနှုန်းများ မြင့်တက်နေသည့် အခြေအနေများကို သိရှိနိုင်ပါရန် တင်ပြလိုက်ရပါသည်။

မျိုးမြင့်မောင်

Wholesale Tur prices rise 5% in a month, The Economic Times,

agribiznews.com.mm
တွင်ဖတ်ရှုနိုင်ပါသည်

# ကိုရီးယားဆန်ဖြင့်ပြုလုပ်သည့်စားသောက်ကုန်များ
# နှစ်ဆမြှင့်တင်ထုတ်လုပ်

တောင်ကိုရီးယားနိုင်ငံရှိ ဆန်ဖြင့်ပြုလုပ်သည့် စားသောက်ကုန်များထုတ်လုပ်သည့်လုပ်ငန်း ကဏ္ဍအရွယ်အစားကို နှစ်ဆမြှင့်တင်ခြင်းအား ၂၀၂၈ ခုနှစ် နောက်ဆုံးထား၍ ဆောင်ရွက်သွားမည်ဟု စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနက ဇန်နဝါရီ ၂၃ ရက်က ထုတ် ပြန်ကြေညာခဲ့သည်။

အဆိုပါစီမံချက်အရ တောင်ကိုရီးယားနိုင်ငံသည် စားသောက်ကုန်များ တင်ပို့မှုကိုလည်း မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ ဆန်ဖြင့်ပြုလုပ်သည့် စားသောက်ကုန်များ ထုတ်လုပ်သည့်ကဏ္ဍမှ ကြာ ရှည်ခံသည့် အသင့်စားချက်ပြီးထမင်းဗူးများ၊ နေ့လယ်စာထမင်းဗူးများ၊ ဆန်ဖြင့်ပြုလုပ်သည့် ခေါက်ဆွဲများ၊ ဆန်အရက်များ စသည်တို့ကို ထုတ်လုပ်လျက်ရှိ စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနဝန်ကြီးမှ ပြောကြား ခဲ့သည်။

ပြည်ပသို့ တင်ပို့မှုမြှင့်တင်ရန် ဆန်ထွက်ကုန်များ တင်ပို့မှုကို ဦးဆောင်နိုင်မည့် ပို့ကုန်လုပ်ငန်း ရှင် ၂၀၀ ဦးကို မြေတောင်မြှောက်ပေးသွားမည်ဖြစ်ကြောင်း၊ ပို့ကုန်တင်ပို့မှုမြှင့်တင်ရေး ဆောင်ရွက်ရာတွင် ထင်ရှားကျော်ကြားသည့် K-pop အနုပညာရှင်များနှင့် အခမ်းအနားများ ကျင်းပ၍ ဈေး ကွက်မြှင့်တင်သွားမည်ဖြစ်ပါကြောင်း စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနမှ ပြောကြားခဲ့သည်။

ပြည်တွင်းဈေးကွက်တွင် ဆန်စားသုံးမှုမြှင့်တင်ရန်နှင့် ကျန်းမာသောစားသောက်နေထိုင်မှု အလေ့အထကို ထိန်းသိမ်းရန်ရည်ရွယ်၍



ပါကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ဆန်ဖြင့်ပြုလုပ်သည့်အစားအသောက်များ တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၈၂ သန်း ရရှိခဲ့ပါကြောင်း၊ ၂၀၂၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၄၀၀ အထိရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနက ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် ပြည်ပမှ ဂျုံမှုန့်တင်သွင်းနေရသည့်အတွက် ပြည်တွင်းရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ Floury rice (ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးစီမံခန့်ခွဲမှုဌာနမှ ပြုပြင်ထုတ်လုပ်ထားသည့် ဆန်အမျိုးအစားကို ရေစိမ်သည့်အဆင့်မလိုပဲ ဆန်စေ့အခြောက်အတိုင်း ကြိတ်၍ ရရှိလာသောဆန်မှုန့်) ဖြင့် စားသောက်ကုန်သစ်များ ထုတ်လုပ်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၇ ခုနှစ်တွင် ဂျုံမှုန့်တင်သွင်းမှုစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းကို Floury rice ဖြင့် အစားထိုးသွားမည်ဖြစ်ကြောင်း ကောလိပ်ကျောင်းသားများအတွက် ဝမ် ၁,၀၀၀ တန် မနက်စာစီမံကိန်းကို အစိုးရကဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း အသင့်စား ချက်ပြီးထမင်းဗူးများကို ပြည်တွင်း၌ ရောင်းချရမှုဝင်ငွေသည် ဝမ်ငွေ ၉၃၅ ဒသမ ၆ ဘီလီယံရရှိခဲ့ရာ ပြည် တွင်းထုတ်လုပ်သည့် ဆန်ဖြင့်ပြုလုပ်သော စားသောက်ကုန်များရောင်းချရမှု စုစုပေါင်း၏ ၁၂ ဒသမ ၅ ရာ ခိုင်နှုန်းရှိခဲ့ပါကြောင်းနှင့် ပြည်ပသို့ အဆိုပါထမင်းဗူးများ တင်ပို့ရောင်းချရမှုဝင်ငွေသည်လည်း ယခင်နှစ်ကထက် ၃၁ ရာခိုင်နှုန်းမြင့်မားလာပြီး အမေရိကန်ဒေါ်လာ ၇၅ သန်းရရှိခဲ့ကြောင်း စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနမှပြောကြားခဲ့သည်။

ပပ

https://www.koreatimes.co.kr/www/tech/2024/01/129_367431.html?utm_source=taboola

■

# ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ ပညာရပ်များ တက်ရောက်နိုင်ရန် ကျောင်းသားသစ်ရရှိရေး မုံရွာခရိုင်တွင် စည်းရုံးဆောင်ရွက်

၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade 9 အောင်မြင်ပြီး၊ ဆက်လက်ပညာသင်ယူရန် အခက်အခဲ ရှိသော ကျောင်းသား/ကျောင်းသူများအတွက်လည်းကောင်း၊ စိုက်ပျိုး ၊မွေးမြူရေး ပညာရပ်များကို စိတ်ပါဝင်စားသူများအတွက်လည်းကောင်း၊ အစိုးရနှင့် ပုဂ္ဂလိက စိုက်ပျိုးမွေးမြူရေး ဆိုင်ရာလုပ်ငန်းများတွင် လိုအပ်လျက်ရှိသော စိုက်ပျိုးမွေးမြူရေး ကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင်ပေးရန်အတွက်လည်းကောင်း၊စက်မှု၊စိုက်ပျိုး၊မွေးမြူရေးပညာရပ်များ တစ်နိုင်ငံလုံးပြန့်ပွားစေပြီး နိုင်ငံတော်၏စီးပွားရေးကို အထောက်အကူပြုစေရန် ရည်ရွယ်၍ အခြေခံ ပညာနှင့် စက်မှု၊ စိုက်ပျိုး၊မွေးမြူရေးပညာရပ်များတွဲဖက်သင်ကြားပေးသည့်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှ စတင်ဖွင့် လှစ်လျက်ရှိသည်။

လာမည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာတက်ရောက်သင်ယူနိုင်ရေးအတွက် သက်ဆိုင်ရာ ပညာရေး၊စက်မှု ၊ စိုက်ပျိုး၊ မွေးမြူရေး ဦးစီးဌာနများတို့ ပူးပေါင်း၍ ပညာသင်ယူမှုဆိုင်ရာ အခွင့်အလမ်းများနှင့် ပတ်သက်ပြီး အခြေခံပညာကျောင်းများတွင် မြေပြင်ကွင်းဆင်း စည်းရုံးဆောင်ရွက်မှုများ ပြုလုပ်လျက် ရှိသည်။

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် အဆိုပါ ကျောင်းပေါင်း ၅၁ ကျောင်းဖွင့်လှစ်ထားရှိပြီး ၊စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတွင် မုံရွာခရိုင် ၊စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်၊ နန်းယွန်း မြို့နယ်တို့တွင်လည်းကောင်း ဖွင့်လှစ်ပညာသင်ကြားပေးလျက်ရှိပြီး၂၀၂၄-၂၀၂၅ ပညာသင် နှစ်အတွက် ခန္တီးခရိုင်နှင့် ဟုမ္မလင်းခရိုင်တွင်လည်း ထပ်မံတိုးချဲ့ရန် ဆောင်ရွက်လျာထားလျက်ရှိရာ ၂၀၂၃-၂၀၂၄ ခုနှစ် မုံရွာမြို့၊အလုံအ.ထ.က-၂ မှ စိုက်ပျိုးရေးပညာတက်ရောက်သူ ကျောင်းသား/ကျောင်းသူ ၂၅ ဦး၊ မွေးမြူရေးပညာတက်ရောက်သူ ကျောင်းသူ/ကျောင်းသား ၂၁ ဦး၊ စစ်ကိုင်းခရိုင် အုန်းတော အ.ထ.ကကျောင်းတွင် စိုက်ပျိုးပညာ ၁၈ ဦး၊ မွေးမြူရေးသပညာတက်ရောက်သူ ၅ ဦး၊ ရွှေဘိုခရိုင်၊ ရွှေဘို အ.ထ.ကကျောင်းတွင် စိုက်ပျိုးပညာတက်ရောက်သူ ၁၃ ဦး၊ မွေးမြူရေးပညာတက်ရောက်သူ ၅ ဦး ၊လဟယ် အ.ထ.ကကျောင်းတွင် စိုက်ပျိုးရေးပညာတက်ရောက်သူ ၃၀ ဦး ၊ မွေးမြူရေးပညာ တက်ရောက် သူ ၃၀ ဦး၊ နန်းယွန်း အ.ထ.ကကျောင်းတွင် စိုက်ပျိုးရေးပညာတက်ရောက်သူ ၃၀ ဦး၊ မွေးမြူရေးပညာတက်ရောက်သူ ၃၀ ဦး အသီးသီး စိတ်အေးချမ်းသာစွာ တက်ရောက်ပညာ သင်ကြားလျက်ရှိသည်။

ယခုနှစ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင်လည်း ပညာသင်ယူနိုင်ရေးနှင့်ကျောင်းသားသစ်ရရှိရေးအတွက် မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အနီးကပ်ကြီးကြပ်လျက် အဖွဲ့ ၃ ဖွဲ့ခွဲကာ ဖွဲ့စည်း တာဝန်ပေးအပ်ထားပြီး ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံစည်းရုံးဆောင်ရွက်လျက်ရှိသည်။ တွေ့ဆုံရှင်းလင်းပွဲများတွင် စိုက်ပျိုးရေးဦးစီးဌာန မုံရွာခရိုင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးဒေါ်စန်းစန်းမြင့်က ရှင်းလင်းပြောကြားရာ၌ လက်ရှိတွင် မုံရွာမြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်း ၉ ကျောင်းသို့ သွားရောက်၍ ပညာသင်ယူမှု ဆိုင်ရာအခွင့်အလမ်းနှင့် ကျောင်းပြီးမြောက်အောင်မြင်ပါက အကျိုးကျေးဇူးများနှင့် အခွင့်အလမ်းများကို ပညာရေး ၊ မွေးမြူရေး၊ စက်မှုနှင့် မိမိတို့စိုက်ပျိုးရေးဦးစီး ဌာနတို့ပူးပေါင်း၍ ဆွေးနွေး ပွဲ များ ဆော င် ရွ က် လျ က် ရှိကြောင်း၊ အလားတူ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ နာဂဒေသအပါအဝင် ခရိုင်(၅)ခု အတွင်းရှိ စိုက်/မွေး အထက်တန်းကျောင်းများတွင်လည်း ဒေသနေပြည်သူများ ဆက်လက်ပညာသင် ဆည်းပူးနိုင်ရေးအတွက် ယင်းကဲ့သို့ အဖွဲ့များဖွဲ့စည်း၍ စည်းရုံးဆောင်ရွက်နေမှုများလည်း ရှိကြောင်း ပြောကြားပါသည်။

ဆက်လက်ပြီး လက်ရှိတွင် မုံရွာမြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်း (၉) ကျောင်းသို့ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ တတိယပတ်မှ စတင်၍ ယနေ့ထိ စည်းရုံးဆွေးနွေးခဲ့ရာ ဆွေးနွေးပွဲ တက်ရောက်သူ ကျောင်းသားမိဘများနှင့် ကျောင်းသာ/ကျောင်းသူ စုစုပေါင်း ၆၅၂ ဦးအား ပညာသင်ယူမှုဆိုင်ရာအခွင့် အလမ်း လက်ကမ်းစာစောင်များနှင့် တကွ ဆွေးနွေးပြီးစီး ခဲ့ပြီး၊ ကျောင်းတက်ရောက်ရန်စိတ်ပါဝင်စားသူများအနေဖြင့်သက်မှတ်အရည်အချင်းနှင့် ကိုက်ညီမှုရှိပါက သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးရုံးများ၊ ကျောင်းအုပ်ချုပ်သူမှ တစ်ဆင့် လျှောက်လွှာများ ရယူလျှောက်ထားနိုင်ကြောင်းကိုလည်း အသိပေး ပြောကြားခဲ့သည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် Grade 9 အောင်မြင်ပြီး ကျောင်းတက်ရောက်ရန် စိတ်ပါဝင်စားသူများအနေဖြင့် ပညာအရည်အချင်းသတ်မှတ်ချက်များဖြစ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်သူ၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လျှောက်လွှာ ပိတ်ချိန်အထိ အသက် (၂၀) နှစ်ထက် မကျော်လွန်သူ ၊ ကျန်းမာရေး ကောင်းမွန်သူများ လျှောက်ထားနိုင်ပြီး သင်တန်းကာလ သုံးနှစ်တွင် စာတွေ့အပြင် ကွင်းလက်တွေ့ပါ တစ်ပါတည်းသင်ကြားသွားမည်ဖြစ်ကြောင်း သိရှိရသည်။ သင်တန်း ပြီးဆုံးပါက သင်တန်းပြီးဆုံးကြောင်း အောင် လက်မှတ်များ ပေးအပ်သွားမည်ဖြစ်ပြီး ပညာသင်တက်ရောက်သူများအနေဖြင့် သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်အသီးသီးတွင် မိမိ ရွေးချယ်ထားသည့် ပညာရပ်နှင့် ပတ်သတ်၍ အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခု ရရှိလာမည်ဖြစ်ကြောင်းနှင့် ထူးချွန်သူများအနေဖြင့်လည်း စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးပညာရပ်များကို အဆင့်မြင့် တက္ကသိုလ်/ကောလိပ်/သိပ္ပံများသို့ ဆက်လက်တက်ရောက် ပညာသင်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

သဲသဲ(စိုက်ပျိုးရေး)





# ကမ္ဘောဒီးယားတွင် ကိုရီးယားရင်းနှီးမြှုပ်နှံမှု

## စိုက်ပျိုးရေးပို့ကုန်များကိုပစ်မှတ်ထား

ကမ္ဘောဒီးယားနိုင်ငံရှိ ကိုရီးယား သက်ကြီးရွယ်အိုများအသင်း (KSCAC) နှင့် ၎င်း၏ တောင်ကိုရီးယားမိတ်ဖက်များသည် ကိုရီးယားနှင့်တရုတ်နိုင်ငံသို့ တင်ပို့ရန်အတွက် ကမ္ဘောဒီးယား လယ်ယာထွက်ကုန် ၇ မျိုးတွင် ရင်းနှီးမြှုပ်နှံရန် စိတ်အားထက်သန်လျက်ရှိပါသည်။



တင်ပို့ရန်အတွက် ရည်ရွယ်ထားသော သီးနှံများမှာ ငရုတ်ခြောက်နှင့် သရက်၊ ငှက်ပျော၊ နှမ်းဆီ၊ ငါးပုစွန်စသည့် ရေထွက်ကုန်များ၊ လဲပင်နှင့် ရော်ဘာပင်ထွက် ပြုပြင်မွမ်းမံထားသော ထုတ်ကုန်များ ပါဝင်သည်။

စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးမွေးမြူရေးလုပ်ငန်းဝန်ကြီးဌာနသည် အဆိုပါသီးနှံများ၏ စီးပွားရေးအရ ဖြစ်နိုင်စွမ်းအားကို စေ့စပ်သေချာစွာ ခွဲခြမ်းစိတ်ဖြာရန် အကြံပြုထားကြောင်းကို ဇန်နဝါရီ ၂၈ ရက် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြည်နယ်အဆင့် ဝန်ကြီးဌာနဆိုင်ရာ အတွင်းဝန် Prak David နှင့် KSCAC ဒုတိယဥက္ကဋ္ဌ Kim Moon-baik တို့ တွေ့ဆုံစဉ်တွင် အသင်းများအနေဖြင့် နှမ်းသီးနှံများကို အဓိကထား၍ ရင်းနှီးမြှုပ်နှံရန် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။

ကိုရီးယားတွင် အရည်အသွေးနှင့် အရသာပိုင်ဆိုင်ရာ ရေပန်းစားလျက်ရှိသည့် ကမ္ဘောဒီးယား လယ်ယာထွက်ကုန်များကို ဂျပန်နှင့် တရုတ်ဈေးကွက်များသို့ တင်ပို့ရောင်းချရန် ရည်ရွယ်ထားသည်ကို သတိပြုမိကြောင်း Kim က ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ လယ်ယာထွက်ကုန်များ၏ အလားအလာများကို စူးစမ်းလေ့လာရန် ကုမ္ပဏီ၏ စိတ်ဝင်စားမှုကို ကျေနပ်မိကြောင်း ဒေးဗစ်က ပြောကြားခဲ့ပါသည်။

ရာသီဥတုဖောက်ပြန်မှုသည် စားနပ်ရိက္ခာဖူလုံမှုကို ခြိမ်းခြောက်နိုင်ပြီး လယ်ယာထွက်ကုန်များ၏ ဈေးကွက်တန်ဖိုးနှင့် အနာဂတ်ရင်းနှီးမြှုပ်နှံမှုအတွက် အလားအလာများ ရှိလာကြောင်းကို ၎င်းက ဇန်နဝါရီ ၂၈ ရက်တွင် ပြောကြားခဲ့ပါသည်။ သို့သော်လည်း ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးရေးကုန်ကြမ်းစရိတ်များ မြင့်တက်လာကြောင်း ၎င်းကမှတ်ချက်ပြုခဲ့သည်။

"ကိုရီးယားကုမ္ပဏီများက ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုကိုပြသခြင်းမှာ အားရစရာ ဖြစ်ကြောင်း၊ သို့သော်လည်း ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ခေတ်မီနည်းပညာများကို ဂရုတစိုက်ထည့်သွင်းစဉ်းစားဖို့လည်း တိုက်တွန်းထားပြီး၊ ရင်းနှီးမြှုပ်နှံမှုအတွက် စီစဉ်ထားသည့် ထုတ်ကုန်များအတွက် သီးနှံများကို ဆိုးရွားစွာထိခိုက်စေနိုင်သော ဒေသမျိုးစိတ်များတွင် ရောဂါကျရောက်မှုအန္တရာယ်ကို လျှော့ချနိုင်ရန် အထူးအရေးကြီးကြောင်း" ဟု ၎င်းက ဆိုပါသည်။

၂၀၂၃ ခုနှစ်တွင် ဝန်ကြီးဌာန၏ အဆိုအရသီးနှံစိုက်ခင်း ၁၉,၀၈၈ ဟက်တာ စိုက်ပျိုးခဲ့ပြီး၊ အဆိုပါဧရိယာသည် စီမံကိန်းဧရိယာ ၃၅,၇၄၄ ဟက်တာ၏ ၅၃ ဒသမ ၄ ရာခိုင်နှုန်း ရှိပြီး ယခင်နှစ် စိုက်ဧရိယာ ၃၅၇၀ ဟက်တာအထက် ကျော်လွန်ခဲ့ပါသည်။ စက်မှုသီးနှံစိုက်ဧရိယာ ၆၂,၄၇၄ ဟက်တာ လွှမ်းခြုံထားပြီး စီမံကိန်း ၁၁၀,၅၅၇ ဟက်တာ၏ ၅၆ ဒသမ ၅၁ ရာခိုင်နှုန်းနှင့် ညီမျှကာ ယခင်နှစ်ဧရိယာ ၄,၂၂၅ ဟက်တာထက် ကျော်လွန်ခဲ့သည်။

၂၀၂၃ ခုနှစ် အစီရင်ခံစာအရ လယ်ယာထွက်ကုန်တင်ပို့မှု ခန့်မှန်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၀၆ ဘီလီယံရှိပြီး ဆန်မပါဝင်သော လယ်ယာထွက်ကုန်တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၉၉ ဘီလီယံရှိကြောင်းကို (၂. ၂. ၂၀၂၄)ရက်နေ့တွင် ထုတ်ပြန်သည့် phnom-penhpost.com အရသိရှိရသည်။

**အေးအေးခိုင်**

# အိန္ဒိယ အုန်းသီး ပြည်ပတင်ပို့မှု ရုတ်ချည်း မြင့်မားလာ

ယခုလများအတွင်း ပြည်တွင်း အုန်းသီးဝယ်လိုအား မြင့်မားနေသဖြင့် ပြည်တွင်း၌ အုန်းသီးဝယ်ယူမှု စရိတ်များ မြင့်တက်လာကြောင်း၊ အိန္ဒိယတွင် အုန်းသီးများ တစ်နှစ်ပတ်လုံးရရှိနိုင်သော်လည်း စက်တင်ဘာလမှစပြီး လအနည်းငယ်ကြာ ပြည်တွင်းဝယ်လိုအားမြင့်မားလာမှုကြောင့် သယ်ယူစရိတ်များ မြင့်မားလာသည်ကိုတွေ့ရကြောင်း အိန္ဒိယအသီးအနှံတင်ပို့သည့် Kay Bee Exports ၏ CEO ဖြစ်သူ Kaushal Khakhar က ပြောကြားခဲ့ပါသည်။ သို့သော်လည်း ၎င်းသည် မူရင်းအိန္ဒိယ အုန်းသီးများ၏ ဝယ်လိုအားကို မထိခိုက်စေနိုင်ကြောင်း၊ ၎င်းတို့၏အရည်အသွေးသည် အခြားဒေသထွက် အုန်းသီးများနှင့် နှိုင်းယှဉ်ပါက သာလွန်ကြောင်း၊ မတ်လမှစတင်၍ အသီးလှိုင်လှိုင် ပေါ်မည်ဖြစ်ပြီး ၎င်းသည် ဈေးနှုန်းရှုထောင့်မှ ပိုမိုအပြိုင်အဆိုင်ဖြစ်လာသဖြင့် တင်ပို့ရောင်းချသည့် ပမာဏတွင် သိသိသာသာမြင့်တက်မည်ဟု မျှော်လင့်ထားကြောင်း ပြောပါသည်။

Kay Bee Exports အတွက် အုန်းသီးသည် ထုတ်ကုန်အသစ်တစ်ခုဖြစ်သော်လည်း ယင်းအုန်းသီးများ တင်ပို့မှုတွင် ခိုင်မာသော တိုးတက်မှုဖြစ်စေရန်အတွက် Khakhar က အလေးပေး ပြောကြားခဲ့သည်။ အုန်းသီးသည် မိမိတို့၏ ထပ်တိုးထုတ်ကုန်အသစ် တစ်ခုဖြစ်ကြောင်း၊ သို့သော်လည်း လုပ်ငန်းစတင်ချိန်မှစ၍ တင်ပို့ရောင်းချသည့်ပမာဏတွင် ကြီးမားသောတိုးတက်မှုကို တွေ့မြင်ရကြောင်း၊ ဥရောပလက်လီရောင်းချသူများနှင့် နှစ်စဉ်အောင်မြင်စွာ စာချုပ်ချုပ်ဆိုခဲ့ပြီး ၎င်းကို နောက်ထပ်မြှင့်တင်ရန် မျှော်လင့်ကြောင်း၊ ၎င်းကို လာမည့်ဘာလင်ရှိ Fruit Logistica တွင် ပြသမည်ဖြစ်ကြောင်း သိရသည်။




Khakhar ၏ အဆိုအရ အိန္ဒိယနိုင်ငံမှ အုန်းသီးများကို ဥရောပတောင်ပိုင်းတွင် အများဆုံး စားသုံးကြကြောင်း၊ ဥရောပတွင် နွေဦးရာသီနှင့် နွေရာသီများ ဖြစ်သည့် မတ်လဝန်းကျင်တွင် ဝယ်လိုအား တိုးမြင့်လာမည်ဟု မျှော်လင့်ရကြောင်း၊ ဥရောပရှိ အုန်းသီးဝယ်လိုအားအများစုသည် ဥရောပတောင်ပိုင်းတွင် တည်ရှိသည့် စပိန်နှင့် အီတလီတို့က အများဆုံးဖြစ်ပြီး နယ်သာလန်၊ ဂျာမနီ နှင့် ဗြိတိန်တို့လည်း နောက်ထပ်အများဆုံးဖြစ်ကြောင်း၊ အုန်းသီးအရင့်များသည် စတိုးဆိုင်များတွင် အသီးအနှံ အဖြစ်ရောင်းချရုံသာမက အသင့်စားသစ်သီးလုပ်ငန်းအတွက်ပါ ဘက်စုံသုံး ကုန်ပစ္စည်း အဖြစ် ရောင်းချကြကြောင်း သိရှိရပါသည်။

အိန္ဒိယအုန်းသီးများသည် အာဖရိကမှ အုန်းသီးများထက် ပို၍ ဈေးကြီးသော်လည်း ဈေးကွက်ဝေစုမှာ နှစ်စဉ်တိုးတက်လျက်ရှိကြောင်း၊ ထိုသို့တိုးတက်ရခြင်းမှာ အခြားဒေသထွက်အုန်းသီးများထက် သာလွန်ကောင်းမွန်သည့် အိန္ဒိယအုန်းသီး ၏ အရည်အသွေးအပေါ် ဥရောပ စားသုံးသူများ၏ နှစ်သက်လက်ခံမှုကြောင့်ဖြစ်ကြောင်း၊ ဥရောပသို့

စာ- ၁၉ သို့



# ချဉ်ပေါင်ဖူး နှင့် ကျန်းမာရေး

မြေလတ်သူနှင့်အဖွဲ့

ချဉ်ပေါင်ကို ရှေးနှစ်ပေါင်းများစွာကတည်းက ကျန်းမာရေး အတွက် ဆေးဖက်ဝင်သော အပင်တစ်ခုအဖြစ် သတ်မှတ်ခဲ့ကြပြီး အရွက်မှစ၍ အဖူး၊ အပွင့်၊ အစေ့နှင့် အမြစ် တစ်ပင်လုံး နီးပါး အကျိုးရှိရှိ အသုံးပြုပါက ဆေးဖက်ဝင်ပါသည်။ အရသာ ချဉ်ပြုံးပြုံးရှိခြင်းကြောင့် ချဉ်ပေါင်ဟင်းကို ထမင်းမြိန် ဟင်းလျာအဖြစ် မြန်မာထမင်းဝိုင်း ဟင်းလျာများတွင် တွဲဖက် စားသုံးကြသည်။ ချဉ်ပေါင်ကို ချဉ်ပေါင်ကြော်၊ ဟင်းချို၊ ချဉ်ရည်ဟင်း၊ မှျစ်၊ ငရုပ်သီးတို့နှင့် ရောနှော၍ကြော်ခြင်း၊ ငါးနှင့်ရော၍ ချက်ခြင်းစသဖြင့် ဟင်းလျာအမျိုးမျိုး ပြုလုပ်ကြသည်။ ထို့ပြင် ချဉ်ပေါင်ဖူးနှင့် ချဉ်ပေါင်ပွင့်တို့ကို ထန်းလျက်နှင့်ရော၍ ချဉ်ပေါင်ယိုပြုလုပ်၍လည်းကောင်း ချဉ်ပေါင်ချိုချဉ်၊ ချဉ်ပေါင်ဖျော်ရည်၊ ချဉ်ပေါင် လက်ဖက်ရည်ကြမ်းလုပ်၍လည်းကောင်း သောက်သုံးကြပါသည်။ ယခုအခါ လူသုံးကုန်ပစ္စည်း ကုန်ကြမ်း အဖြစ် အသုံးပြု၍ မျက်နှာပေါင်းတင်ဆေး၊ ခေါင်းလျှော်ရည်၊ သောက်ဆေးစသဖြင့် အမျိုးမျိုး ပြုလုပ်အသုံးပြုနေကြသည်။

## ချဉ်ပေါင်ဖူး ဆိုသည်မှာ-

ချဉ်ပေါင်ဖူးသည် ချဉ်ပေါင်ပင်၏ထိပ်မှ အနီရဲရဲအဖူးပင်ဖြစ်သည်။ ယခင်က ချဉ်ပေါင်ရွက်ကိုသာ အဓိကစားသုံးကြပြီး ချဉ်ပေါင်ဖူးကို မျိုးစေ့ရယူရန်အတွက်သာ အသုံးပြုလေ့ရှိကြပါသည်။ ယခုအခါ ချဉ်ပေါင်ဖူး၏ အာဟာရဓာတ်များ စွာပါဝင်မှု၊ စားချင်စဖွယ်အဆင်း အရသာနှင့် ကျန်းမာရေး အတွက် အထောက် အကူပြုမှု/ အကျိုးကျေးဇူးများစွာကြောင့် ချဉ်ပေါင်ဖူးကို ကြိတ်၍ ချဉ်ပေါင်ဆီ ထုတ်ခြင်း၊ မြေပဲဆံ၊ ငရုတ်သီးနှင့် ရော၍ ထောင်းစားခြင်း၊ အခြောက်လှန်း၍ ရေနွေးကြမ်းအဖြစ် သောက်သုံးခြင်း၊ ချဉ်ပေါင်ဖျော်ရည်ပြုလုပ်၍ သောက်သုံးခြင်းစသဖြင့် အမျိုးမျိုး အသုံးပြုလာကြသည်။ ချဉ်ပေါင်ဖူးတွင် ဗီတာမင်နှင့် သတ္တုဓာတ်များစွာ ပါဝင်နေပြီး အဓိကအားဖြင့် ကယ်လ်ဆီယမ်၊ သံဓာတ်၊ ဗီတာမင် A၊ ဗီတာမင် B1, B2, B3၊ ဗီတာမင် C၊ မဂ္ဂနီဆီယမ်၊ ကာဗိုဟိုက်ဒရိတ်၊ ဖော့စဖောရပ်နှင့် ပိုတက် ဆီယမ် တို့ ပါဝင်ပါသည်။

ချဉ်ပေါင်ဖူးကို ချဉ်ပေါင်ပန်းပွင့်ပြီး ၁၀ ရက်မှ ၁၅ ရက်ခန့်အတွင်း ကောက်ယူ၍ အဖူး အောက်ခြေရှိ (Calyx) ပွင့်ဖတ်အစိမ်းရောင်နှင့် အစေ့ခွံအတွင်းရှိ အစေ့များကို ဖယ်ရှားကာ ဆေးကြောသန့်စင်ပြီး နေရောင်ခြည်တိုက်ရိုက်ရရှိသော နေရာတွင် ၁ ရက်မှ ၂ ရက်ခန့် အခြောက် လှမ်းရပါမည်။ ချဉ်ပေါင်ဖူးခြောက်သည် ခြောက်သွေ့ကြွတ်ဆတ်နေပြီး ချေလိုက်ပါက ကြေမွသွား သည့်အချိန်တွင် သိမ်းဆည်းနိုင်ပြီဖြစ်သည်။ သိမ်းဆည်းရာတွင် အရည်အသွေး ကောင်းမွန်စေရန် အတွက် နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့သောနေရာ၊ အေး၍ ခြောက်သွေ့ပြီး လေဝင် လေထွက် ကောင်းမွန်သောနေရာတွင် လေလုံသော ပလတ်စတစ်အိတ်များ၊ ဖန်ဘူးများ၊ ပုံးများတွင် သိမ်းဆည်းခြင်းဖြင့် လပေါင်းများစွာ ကြာရှည်ခံနိုင်မည်ဖြစ်ပါသည်။ ရေနွေးပူပူတွင် ချဉ်ပေါင်ဖူးခြောက် အနည်းငယ်ကို ထည့်လိုက်သောအခါ ရေနွေးကြမ်း အနီရောင်ကို ရရှိလာပြီး အရသာ ချဉ်ပြုံးပြုံးနှင့် ကယ်လိုရီနည်းပြီး ကဖင်းဓာတ်မပါသောရေနွေးကြမ်းဖြစ်၍ အအေးခံ၍လည်း သောက်သုံးကြသည်။ အချဉ်ဓာတ်သက်သာစေရန်နှင့် အနံ့၊ အရသာနှင့်ပြည့်စုံစေရန် မိမိကြိုက်နှစ်သက်ရာ သကြား၊ ပျားရည်၊ သစ်ကြံပိုးခေါက်၊ လေးညှင်းပွင့် နှင့် ဂျင်းစသည်တို့ကို ရောစပ်၍လည်း သောက်သုံးနိုင်ပါသည်။

ချဉ်ပေါင်ဖူး ရေနွေးကြမ်းမှလူ့ခန္ဓာကိုယ် ကျန်းမာရေးအတွက် ဘက်ပေါင်းစုံမှ အကျိုးပြုပါသည်-

၁။ ကယ်လ်ဆီယမ်ဓာတ် အမြောက်အများပါရှိသောကြောင့် သွားနှင့် မေးရိုးကို သန်မာစေပြီး ခံတွင်းမှ ဘက်တီးရီးယားများကို တိုက်ဖျက်ပေးနိုင်သော အာနိသင်ရှိ၍ သွားနှင့် သွားဖုံးများ ကို ကျန်းမာ

စာ - ၁၁ သို့




ချဉ်ပေါင်ဖူးထုတ်ကုန်များ

စာ - ၁၀ မှ

စေပါသည်။ အရိုးကိုသန်မာစေခြင်း၊ အာရုံကြော အဖွဲ့အစည်းများနှင့် ကြွက်သားများ ဖွဲ့စည်းမှုကို တိုးတက်ကောင်းမွန်စေခြင်းနှင့် ကလေးငယ်များ ဖွံ့ဖြိုးမှုနှေးကွေးခြင်းကို ကာကွယ်ပေးပါသည်။

၂။ ခန္ဓာကိုယ်အတွက်လိုအပ်သော ဗီတာမင် C ဓာတ်တစ်မျိုးဖြစ်သည့် Ascorbic Acid ပါဝင်နေသောကြောင့် ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးနိုင်ပြီး အအေးမိ၊ တုပ်ကွေး၊ ဖျားနာခြင်း၊ ချောင်းဆိုးခြင်းစသော ကျန်းမာရေးပြဿနာများကို လျော့နည်းအောင် ကာကွယ်ပေးကာ အဆုတ်ကို ကျန်းမာစေသည်။ ရောင်ရမ်းမှုကို လျော့ကျစေပြီး ဝေဒနာသက်သာစေရန် အထောက်အကူပြုပါသည်။

၃။ မဂ္ဂနီဆီယမ်ဓာတ်ပါဝင်သောကြောင့် ဝမ်းချုပ်ခြင်းမှ ကာကွယ်ပေးပြီး ဝမ်းပျော့စေသောကြောင့် အူကြွက်သားများကို ပြေလျော့စေကာ ဝမ်းမှန်စေသည်။ အူ၏ လုပ်ဆောင်မှုကို ကောင်းစေပြီး အူသိမ်၊ အူမတို့ကို ကောင်းကျိုးပြု၍ အူမကြီး ကင်ဆာကို ကာကွယ်ပေးသည်။

၄။ ချဉ်ပေါင်တွင်ပါဝင်သော Phosphorous သည် ကြွက်တက်ခြင်း၊ ကြွက်သားအားနည်းခြင်း၊ မောပန်းလွယ်ခြင်း၊ ခြေလက်များ ထုံထိုင်း နာကျင်ခြင်း နှင့် လေးလံခြင်းတို့ကို သက်သာ ပျောက်ကင်းစေခြင်း စသည့် ကျန်းမာရေးပြဿနာများကို လျော့ပါးစေပါသည်။

၅။ ချဉ်ပေါင်ဖူးသည် ခန္ဓာကိုယ်တွင်းမှ မကောင်းသောကိုလက်စထရောများကို ကျဆင်းစေပြီး နှလုံးသွေးကြောဆိုင်ရာများ ရောဂါမဖြစ်အောင် ကာကွယ်ပေးနိုင်သည်။ သွေးတွင်း အဆီဓာတ်ကျစေခြင်း၊ သွေးတွင်း သကြားဓာတ်ကျစေခြင်းတို့ကြောင့် ဆီးချိုရောဂါရှိသူများ သောက်သုံးနိုင်ပါသည်။ ခန္ဓာကိုယ်မှ ကစီဓာတ်နှင့် ဂလူးကို့စ် စုပ်ယူနိုင်စွမ်းကို လျော့နည်းစေသောကြောင့် ကိုယ်အလေးချိန် လျှော့ချရာတွင် အထောက်အကူဖြစ်စေပြီး ကာဗိုဟိုက်ဒရိတ် နှင့် ကစီဓာတ် စုပ်ယူမှုကို ကူညီပေးသော Amylase ထုတ်လုပ်မှုကို ဟန့်တားပေးသော ကြောင့် အဆီကျ ကျစ်လျစ်စေပြီး ခန္ဓာကိုယ် အလေးချိန် ထိန်းသိမ်းရာတွင် အထောက်အကူ ပြုစေသည်။

၆။ ဓာတ်တိုးဆန့်ကျင် အာနိသင် (Antioxidant Properties) ကြောင့် အသည်းရောဂါများကို ကုသရာတွင် အထောက်အကူ ပေးပါသည်။ ခန္ဓာကိုယ်တွင်းမှ ဆဲလ်နှင့်တစ်ရှူးများမှ free radicals များကို ဓာတ်ပြယ် စေနိုင်သောကြောင့် ကျန်းမာအသက်ရှည်စေနိုင်ကာ အသည်းကို ကာကွယ်ပေးပါသည်။

၇။ ချဉ်ပေါင်ဖူးသည်အကျိတ်ကို ကြေစေပြီး ဓာတ်တိုးဆန့်ကျင် အာနိသင်များရှိခြင်းကြောင့် ကင်ဆာဖြစ်စေသော ဆဲလ်များပွားများမှုကို နှေးကွေးစေပြီး ကင်ဆာ ရောဂါကို သက်သာစေနိုင်သည်။

၈။ ကိုယ်တွင်းဟော်မုန်းကို



ထိန်းညှိပေးနိုင်သောကြောင့် အမျိုးသမီးများ ဓမ္မတာလာစဉ် နာကျင်ကိုက်ခဲမှု ဝေဒနာကို သက်သာစေနိုင်သည်။ ဓမ္မတာလာချိန်တွင် ဟော်မုန်း အပြောင်းအလဲကြောင့် ဖြစ်တတ်သော စိတ်ခံစားမှု အပြောင်းအလဲများ၊ စိတ်ကျခြင်းနှင့် လွန်ကဲစွာ အစာစားခြင်းစသော လက္ခဏာများကိုလည်း သက်သာလျော့ပါးစေနိုင်ပါသည်။

၉။ စိတ်ဓာတ်ကျခြင်းကို သက်သာစေနိုင်သောဂုဏ်သတ္တိများ ရှိသည့် ဗီတာမင်နှင့် flavonoids များ ပါဝင်သောကြောင့် ချဉ်ပေါင်ဖူးခြောက်ရေနွေးကြမ်းကို သောက်သုံးခြင်းအားဖြင့် အာရုံကြော စနစ်ကို ကောင်းမွန်စေပြီး စိုးရိမ်ပူပန်မှုနှင့် စိတ်ကျဝေဒနာများကို သက်သာစေနိုင်ပါသည်။

၁၀။ ဆီးရှင်၊ ဝမ်းမှန်စေသောကြောင့် အစာချေဖျက်မှုကို ကောင်းမွန်စေပြီး အစာကြေစေသည်။ သွေးသားကောင်းစေပြီး အသားအရည်ကို ကြည်လင်ဝင်းပစေပါသည်။

၁၁။ ချဉ်ပေါင်ဖူးရေနွေးကြမ်းကို ပုံမှန်သောက်သုံးပေးပါက သွေးဖိအားကို ကျစေပြီး သွေးတိုးမဖြစ်အောင် ကာကွယ်ပေးကာ သွေးပေါင်ချိန် မှန်စေပါသည်။ ချဉ်ပေါင်ဖူးရေနွေးကြမ်းကို အအေးအဖြစ်လည်း သောက်သုံးကြပြီး ခန္ဓာကိုယ်ကို အမြန်ဆုံးအေးမြစေသော အာနိသင်ရှိ၍ အနည်းငယ်သောက်ရုံဖြင့် ရေငတ်ပြေစေနိုင်ပါသည်။

၁၂။ ဒူးရင်းသီး စားပြီးပါက၊ ချဉ်ပေါင်သီးဖျော်ရည်ကို သောက်ပေးခြင်းဖြင့် အပူကန်ခြင်းကို ကာကွယ်နိုင်ပါသည်။

၁၃။ ချဉ်ပေါင်ဖူး၏ အစေ့မှလည်းအဆီ ထုတ်ယူနိုင်ပါသည်။ ထိုအဆီဖြင့် အရေပြားပေါ်ရှိ အနာအမျိုးမျိုးတို့ကို လိမ်းပေးခြင်းဖြင့် ရောင်ကိုင်းခြင်းကို သက်သာစေပြီး၊ အနာကျက် မြန်စေပါသည်။

သတိပြုရန်မှာချဉ်ပေါင်ဖူးခြောက်ရေနွေးကြမ်းသည် သွေးတိုးကျစေသော အစွမ်းရှိသောကြောင့် သွေးပေါင် ကျတတ်သူများ၊ ဆီးချိုရောဂါရှိသူများ၊ သွေးတိုးကျဆေး သောက်သုံးနေသူများအနေဖြင့် ချင့်ချိန်သောက်သုံးသင့်ပါသည်။ ချောင်းဆိုးရင်ကြပ် ဝေဒနာသည်များလည်း သောက်သုံးရန် မသင့်တော်ပါ။ ချဉ်ပေါင်ဖူးတွင် အချဉ်ဓာတ်ပါသောကြောင့် အစာမရှိပဲ မသောက်သုံးသင့်ပါ။ ပမာဏ အများအပြားသောက်သုံးမိပါက အစာခြေစနစ်ပြဿနာရှိနိုင်ပြီး မူးဝေခြင်းနှင့် သတိလစ်မေ့မြောခြင်း တို့ကို ဖြစ်စေနိုင်ပါသည်။ နို့တိုက်မိခင်များ၊ ကလေးငယ်များနှင့် သွေးတိုးရောဂါရှိသူများ အလွန်အကျွံ မသောက်သုံးသင့်ပါ။ တန်ဆေး လွန်ဘေးဆိုသကဲ့သို့ တစ်ရက်လျှင် ရေနွေးပန်းကန်လုံး နှစ်လုံး ခန့်သာ ပုံမှန်သောက်သုံးပေးသင့်ပါသည်။

ယခုအခါ တောင်သူများသည် ချဉ်ပေါင်စေ့မှ ဆီကိုထုတ်၍ စားသုံးဆီအဖြစ် တစ်နိုင်တစ်ပိုင် ထုတ်လုပ်သုံးစွဲနေကြပြီဖြစ်ပါသည်။ ချဉ်ပေါင်စေ့ တစ်တင်းနှင့် နှမ်းလေးပြည် ရောကြိတ်ခြင်းဖြင့် ချဉ်ပေါင်ဆီ ၉ ပိဿာခန့်ရရှိနိုင်မည်ဖြစ်ပါသည်။ တခြားသော ဆီထွက်သီးနှံများကို အဓိက အသုံးပြုရာမှ ချဉ်ပေါင်စေ့ဆီသည်လည်း ကျန်းမာရေးအတွက် အထောက်အကူပြုသောကြောင့် တစ်နှစ်ပတ်လုံး စီးပွားဖြစ်စိုက်ပျိုးရုံသာမကဘဲ တစ်ရာသီ သီးနှံဖြစ်သောကြောင့် လယ်သီးနှံအပြီး လုပ်ထားသော မြေပေါ်တွင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။ စိုက်ပျိုးဖြစ်ထွန်းလွယ်ပြီး ရာသီဥတုဒဏ်ခံနိုင်ရည်ရှိကာ နိုင်ငံအဝှမ်း နေရာအနှံ့ မြေလွတ်၊ မြေရိုင်းနှင့် လည်ကန်သင်းများပေါ်တွင် စိုက်ပျိုးနိုင်သော ချဉ်ပေါင်ပင်များမှ အဖူး၊ အရွက်များ ခူးယူရောင်းချရုံသာမကဘဲ စားသုံးဆီ ထုတ်လုပ်နိုင်ခြင်းကြောင့် တောင်သူများအတွက် တဖက်တလမ်းမှ ဝင်ငွေတိုးပွားလာနိုင်ပြီးနေ့စဉ်လူမှုဘဝဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။

ဘေးထွက်ဆိုးကျိုး အလွန်နည်းပါးပြီး၊ ဈေးနှုန်းလည်းသက်သာ၍ မိမိတို့နေအိမ်ပတ်ဝန်းကျင်တွင် ၁၂ လရာသီပတ်လုံး အလွယ်တကူစိုက်ပျိုးရရှိနိုင်သော ချဉ်ပေါင်ဖူးခြောက်များကို ကျန်းမာရေး ရှုထောင့်အရ အစာလည်းဆေး၊ ဆေးလည်းအစာအဖြစ် သောက်သုံးနိုင်ရန်အတွက် တိုက်တွန်းလိုက်ရပါသည်။ **မြေလတ်သူနှင့်အဖွဲ့**



# ဂရုပြုစောင့်ကြည့်ရမည့် အိန္ဒိယ ပဲမျိုးစုံ ဖူလုံရေးအစီအစဉ်

ကျော်သူနိုင်

အိန္ဒိယအစိုးရအနေဖြင့် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုကို ၂၀၂၇ ခုနှစ် ဒီဇင်ဘာတွင် ဖူလုံအောင် ဆောင်ရွက်ရန်ဆုံးဖြတ်ခဲ့ကြောင်း ပြည်ထဲရေး နှင့် ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး Amit Shah က သမဝါယမအသင်းများဖြစ်သည့် Nafed နှင့် NCCF တို့က မှတ်ပုံတင်ထားသော ပဲစိုက်တောင်သူများထံမှ သီးနှံဝယ်ယူနိုင်သည့် ပေါ်တယ် ဖွင့်လှစ်ချိန်တွင် ပြောကြားခဲ့သည်ဟုဆို၏။

အဆိုပါသီးနှံဝယ်ယူရေး ပေါ်တယ်တွင် ပဲစိုက်ပျိုးခြင်းမစမီကပင် မှတ်ပုံတင်ထားသည့် တောင်သူများ၏ စိုက်ပျိုးရေး ထွက်ကုန်များကို National Agri-cultural Cooperative Marketing Federation of India Ltd (Nafed) နှင့် National Cooperative Consumers' Federation of India (NCCF) တို့က ဝယ်ယူမည်ဖြစ်ပြီး ပဲရောင်းရငွေကို တောင်သူများ၏ ဘဏ်စာရင်းထဲသို့ တိုက်ရိုက်ပေးချေသွားမည်ဖြစ်ကာ တောင်သူများသည် ၎င်းတို့၏ထွက်ကုန်များကို ပြင်ပဈေးကွက်တွင် လွတ်လပ်စွာ ရောင်းချခွင့်လည်း ရှိကြောင်းသိရသည်။ အဆိုပါလုပ်ဆောင်ချက်သည် ပဲမျိုးစုံစိုက်ပျိုးမှုမှ တစ်ဆင့် ပြည်တွင်းပဲမျိုးစုံ ထုတ်လုပ်မှုကို မြှင့်တင်ရန်မျှော်လင့်ပြီး အိန္ဒိယနိုင်ငံအတွက် ပဲတင်သွင်းမှု အပေါ်မှီ ခိုမှုကို တဖြည်းဖြည်းလျှော့ချနိုင်မည်ဟု ဆိုသည်။ ဝန်ကြီး Amit Shah က အခြေခံရည်ညွှန်းဈေး (MSP) သို့မဟုတ် ဈေးကွက် ပေါက်ဈေးဖြင့် ပဲမျိုးစုံပိုမို ဝယ်ယူမည်ဖြစ်၍ လယ်သမားများအား ပဲမျိုးစုံပိုမိုစိုက်ပျိုးရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး "၂၀၂၈ ဇန်နဝါရီကစပြီး ပဲမျိုးစုံ တစ်ကီလိုဂရမ်တောင် တင်သွင်းစရာ မလိုပါဘူး" ဟု ထည့်သွင်းပြောကြားသွားကြောင်း သိရသည်။

မတ်ပဲ နှင့် ပဲနီလေး နှင့် ပြောင်း အပါအဝင် အခြားပဲမျိုးစုံအတွက် အလားတူ ဖြည့်ဆည်းမှုများကို နောင်တွင်လည်း အကောင်အထည် ဖော်သွားမည်ဖြစ်သည်ဟုဆိုသည်။ ပဲစင်းငုံအပြင် မတ်ပဲနှင့် ပဲနီလေး တို့သည် ပြည်ပမှတင်သွင်းမှုအပေါ် မှီခိုနေရသော ပဲနှစ်မျိုးဖြစ်သည်။

ပဲမျိုးစုံအခြေခံရည်ညွှန်းဈေး MSP သည် လွန်ခဲ့သော ကိုးနှစ်တာကာလအတွင်း သိသိသာသာ တိုးလာခြင်းကို ဥပမာပြု၍ ဝန်ကြီးက လယ်သမားများသည် ယခုပဲဝယ်ယူရေးအစီအစဉ်အသစ်ကို အကိုးအကားပြုကာ ပဲမျိုးစုံ၊ မတ်ပဲနှင့် ပဲနီလေးတို့ကိုဆန္ဒရှိသလိုတိုးချဲ့စိုက်ပျိုးနိုင်ပြီး အခြားမည်သည့် သီးနှံမှ စိုက်ပျိုးရန်မလိုဘဲ တောင်သူများ၏ ဝင်ငွေ နှစ်ဆတက်လာနိုင်သည်ဟု ဆိုသည်။ အဆိုပါ လုပ်ဆောင်ချက်သည် အန္ဒိယနိုင်ငံအတွက် ပဲမျိုးစုံ ထုတ်လုပ်မှုဖူလုံစေရုံသာမက ပဲသီးနှံများ၏ နိုက်ထရိုဂျင်ဓာတ်ဖြည့်ဆည်းနိုင်ခြင်းကြောင့် အခြားသီးနှံများ၏ အာဟာရဖူလုံစေရေး၊ မြေဆီသြဇာ မြှင့်တင်ပေးခြင်းအပြင် စိုက်ပျိုးရေလိုအပ်မှုနည်းပါးခြင်းကြောင့် ရေကိုထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပဲစင်းငုံစိုက်ဧကကျဆင်းမှုကြောင့် ၂၀၂၃-၂၄ တွင် ပြည်တွင်း၌ ပဲစင်းငုံတန်ချိန် ၃.၄ သန်း သာ ထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၁၆-၁၇ စံချိန်တင်ထုတ်လုပ်မှု တန်ချိန် ၄.၈ သန်းထက် လျော့နည်းနေသည့်အချိန်တွင် ယခုကဲ့သို့ပဲမျိုးစုံတိုးမြှင့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ချက်များ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

အိန္ဒိယနိုင်ငံသည်ကမ္ဘာ့ပဲစိုက်ပျိုးထုတ်လုပ်မှု၏ ၂၅ ရာခိုင်နှုန်းဖြင့် ပဲအများဆုံးထုတ် လုပ်သောနိုင်ငံ ဖြစ်သော်လည်း ရိုးရာအစဉ်အလာအရသာမက အဓိကအာဟာရအရင်းအမြစ် အဖြစ် ပဲစားသုံးမှုမြင့်မားသည့်အတွက် ကမ္ဘာ့ပဲစားသုံးမှု၏ ၂၇ ရာခိုင်နှုန်းရှိကာ လိုအပ်သည့်ပဲအမျိုးမျိုးကို ပြည်ပမှဝယ်ယူတင်သွင်း စားသုံးနေရပြီး ကမ္ဘာ့ပဲ ကုန်သွယ်မှု၏ ၁၅ ရာခိုင်နှုန်း အထိရှိကြောင်း တွေ့ရသည်။ အိန္ဒိယသည် ၂၀၂၂-၂၃ ခုနှစ်တွင် ပဲမျိုးစုံ ဧရိယာဟက်တာ သန်း ၃၀ စိုက်ပျိုးခဲ့ကာ ပဲမျိုးစုံ တန်ချိန် ၂၇ သန်းခန့်ထုတ်လုပ်ခဲ့ပြီး ပြည်တွင်းဝယ်လိုအားမှာ တန်ချိန် သန်း ၃၀ ခန့်ဖြစ်သည်။ အိန္ဒိယ၏ ပဲမျိုးစုံတင်သွင်းမှုသည် ၁၉၈၀-၈၁ ခုနှစ်တွင် တန်ချိန် ၀ ဒသမ ၁၇ သန်းမှ ၂၀၂၂-၂၃ တွင် တန်ချိန် ၃ သန်းအထိ တိုးလာခဲ့သည်ကိုတွေ့ရသည်။

ထို့အတွက်လည်း အိန္ဒိယအစိုးရအနေဖြင့် ပဲမျိုးစုံပြည်ပမှတင်သွင်းမှု လျော့ချပြီး ပြည်တွင်း၌ လုံလောက်စွာ ထုတ် လုပ်နိုင်ရန် ရေတိုရေရှည်နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းလုပ်ဆောင်နေသည်ကို အထင်အရှား တွေ့ရှိရသည်။ အဆိုပါပဲမျိုးစုံဖူလုံအောင်လုပ်ဆောင်မည့် အစီအစဉ်သည် ရည်မှန်းထားသည့် အတိုင်း အပြည့်အဝ အောင်မြင်မှုရှိ/မရှိ ခန့်မှန်းရန် အချိန်မတန်သေး သော်လည်း ၎င်းတို့၏ ငွေကြေး၊ နည်းပညာ၊ အခြေခံအဆောက်အဦနှင့် မူဝါဒပိုင်းဆိုင်ရာ ဖြည့်ဆည်းနိုင်မှုများကြောင့် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာနိုင်မည့်အလားအလာ ရှိနေသည်။ သို့ရာတွင် အိန္ဒိယနိုင်ငံ၏ စိုက်ပျိုး ရေးကဏ္ဍ၏ ဆည်ရေသောက်စိုက်ပျိုးမှုသည် ၂၀၂၁ ခုနှစ်တွင် ၄၈.၈ ရာခိုင်နှုန်းသာရှိ၍ ရာသီဥတု ကြောင့် မိုးရေရရှိမှုအရ ပဲစိုက်ပျိုးထုတ်လုပ်မှုအပေါ် သက်ရောက်နိုင်သည်။

ယခင်နှစ်အနည်းငယ်က အိန္ဒိယ၏ ပဲအဝယ်ရပ်ဆိုင်းလိုက်ချိန်တွင် တောင်သူလယ်သမားများ အပါအဝင် မြန်မာ့ပဲလောကတစ်ခုလုံး ပြင်းပြင်းထန်ထန်ထိခိုက်ခဲ့ရသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ပဲမျိုးစုံ တင်ပို့မှုအများဆုံး ဖောက်သည်နိုင်ငံဖြစ်သည့် အိန္ဒိယ၏ ပဲအမျိုးမျိုး ထုတ်လုပ်မှုတိုးတက်စေရန် နှင့် ပြည်တွင်းစားသုံးမှုဖူလုံစေရန် ဆောင်ရွက်သည့် ယခုအစီအစဉ် အောင်မြင်ပါက မြန်မာနိုင်ငံ၏ ပဲမျိုးစုံ တင်ပို့မှုအပေါ် သက်ရောက် ထိခိုက်လာနိုင်သည့်အတွက် အလေးထားစောင့်ကြည့်လေ့လာလျက်ရေရှည် အကျိုးဖြစ်ထွန်းပြီး၊ ဈေးကွက်ခိုင်မာမှုရှိသည့် သီးနှံအမျိုးအစားများကို မှန်ကန်စွာ ရွေးချယ်စိုက်ပျိုးသည့် သီးနှံထုတ်ကုန် မျိုးစုံ (Product Diversification) ထုတ်လုပ်သည့်စနစ်ဖြင့် ဈေးကွက်အစုံဖြန့်ကြက်တင်ပို့နိုင်ရေးကိုတွက်ဆဆောင်ရွက်ခြင်းဖြင့် တောင်သူများနှင့် သီးနှံစုံ Supply Chain တစ်လျှောက်ပါဝင်သူများအတွက် အကျိုး ဖြစ်ထွန်းစေမည် ဖြစ်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။

**ကျော်သူနိုင်**

ကိုးကား။ indiatimes



စာ-၁၄ မှ

အိတ် ၇၀၀၀ကျပ်၊ ခရမ်းသီး တစ်ပိဿာ ၃၀၀ကျပ်ဖြင့် ဈေးနိမ့်နေသည်။

## သစ်သီးဝလံဈေးကွက်

မန္တလေးကိုင်းတန်းဈေး သစ်သီးပွဲရုံများတွင် မုံရွာချောင်းဦးမှ ကျောက်စိမ်းဖရဲများ အဝင်များပြီး အရည်အသွေး ပေါ်မူတည်၍ ၆၀၀ကျပ် မှ ၁၅၀၀ကျပ်၊ သခွားမွှေး ၄လုံးတစ်ဖာ ၆၀၀၀ကျပ် မှ ၇၀၀၀ ကျပ်၊ သဘော်သီးများအရည်အသွေး ပေါ်မူတည်၍ အနိမ့်ဆုံး ၈၀၀ကျပ် မှ ၁၅၀၀ကျပ်ဖြင့် မြဝတီ၊ လားရှိုး၊ ပြင်ဦးလွင်၊ မြစ်ကြီးနား စသော အမှာရှိသော မြို့များသို့ တင်ပို့မှုရှိသည်။

သီပေါဘက်မှ နာနတ်သီးများ အဝင်နည်းသွားသဖြင့် အရည်အသွေးပေါ်မူတည်၍ ၆၀၀ ကျပ်မှ ၁၀၀၀ ကျပ်၊ ရမည်းသင်းပျော်ဘွယ် စပျစ်သီး(ညို)တစ်ပိဿာ ၄၀၀၀ ကျပ်၊ ပန်းသီးအိတ်စွပ် ၁၀၀လုံးပါ တစ်ဖာ ၈၀၀၀၀ ကျပ်၊ ပျားလိမ္မော် ၁၂ပိဿာ တခြင်း ၇၅၀၀၀ကျပ်ဖြင့် မြို့တွင်း လက်လီ ဆိုင်များနှင့် အမှာရှိသောမြို့များသို့ တင်ပို့မှုရှိသည်။

## ဂျုံနှင့် အစေ့ထုတ်ပြောင်း

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်းတွင် ဂျုံဈေးနှုန်းနေဖြင့် ငါန်းဇွန်၊ မြို့သာ၊ မုံရွာ၊ ဘုတလင်၊ စစ်ကိုင်း၊ ဆားတောင်၊ ရွှေဘို၊ မြင်းမူ၊ မြောင် ဂျုံများအသစ်ဝင်ချိန် ဖြစ်သော်လည်း အဝင်နည်းသေးခြင်း၊ ဂျုံစက်များပုံမှန်ဝယ်ယူမှုရှိခြင်းကြောင့် ၆၀ပိဿာ ၁၈၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ရှမ်းဂျုံများလည်း အသစ်ဝင်ရောက်သဖြင့် ယခင်အပတ် ၁၇၅၀၀၀ကျပ် မှ ၁၇၀၀၀၀ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။ ဩစတေးလျဂျုံမှုန့်မှာ တစ်ပိဿာ ၃၃၀၀ကျပ်ဖြင့် ဈေးငြိမ်နေသည်။

အစေ့ထုတ်ပြောင်းမှာ ဆောင်းပြောင်းအဝင်နည်းသေးခြင်း၊ မိုးပြောင်းလက်ကျန် နည်းသေးခြင်း၊ အစာစပ်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၅၄ပိဿာ ၅၆၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ် နေသည်။

**ခင်မေကြည်**

# ရန်ကုန်ဈေးကွက်

အေးသန္တာဝင်း

## ဆန်ဈေးကွက်

ယခုရက်သတ္တပတ်အတွင်း ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း)တွင် ထုတ်ပြန်ထားသည့် ဆန်ဈေးနှုန်းများအရရွှေဘိုပေါ်ဆန်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၁၃၀၀၀၀ ကျပ်နှုန်းနှင့် အောက်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၂၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်း အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၅၀၀၀ ကျပ်နှုန်းနှင့် အောက်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၀၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း၊ ပေါ်ကျွဲဆန် အလတ်စတစ်တင်းခွဲတစ်အိတ်လျှင် ၉၁၀၀၀ ကျပ်နှုန်းနှင့် အောက်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၉၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧည့်မထဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၈၃၀၀၀ ကျပ်နှုန်းနှင့်အောက်စတစ်အိတ်လျှင် ၈၂၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ငစိန်ဆန်အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၇၁၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၇၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ်၊ နိုင်ငံများ၏ပို့ကုန်ဆန်ဈေးများ မြင့်တက်နေမြဲဖြစ်ခြင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ဘာကီနာဖာဆို(BURKINA FASO)၊စပိန်စသောနိုင်ငံများသို့ ဆန်တင်ပို့မှုများခြင်း၊ တရုတ်၊ စပိန်၊ဗီယက်နမ်၊ယူနိုက်တက်ကင်းဒမ်း၊ အင်ဒိုနီးရှားနိုင်ငံများသို့ ဆန်ကွဲတင်ပို့မှုများခြင်း၊ ပြည်ပတင်ပို့သူများက ဈေးနှုန်းမြှင့်၍ အပြိုင်အဆိုင်ဝယ်ယူမှုများရှိခဲ့ခြင်းတို့ကြောင့် ပြည်ပတင်ပို့သော ဆန်ကြမ်းနှင့် ဆန်ကွဲအမျိုးအစားများမှ အစပြုကာ ဆန်ချောများအထိ အဆင့်ဆင့် ဈေးမြင့်လျက်ရှိသည်။ ယခင်အပတ်ဈေးနှုန်းများဖြင့် နှိုင်းယှဉ်ပါက ငစိန်ဆန်တစ်မျိုးသာ တစ်အိတ်လျှင် ၂၀၀၀ ကျပ်ခန့် ဈေးမြင့်လာခြင်းဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)မှ ဆန်စပါးဈေး တည်ငြိမ်စေရန် ဈေးကွက်အတွင်း ရောင်းချသင့်သည့် ရည်ညွှန်းဈေးနှုန်းများ သတ်မှတ်ထုတ်ပြန်ထားသော်လည်း ဈေးကွက်ပေါက်ဈေးမှာ ဆန်တစ်အိတ်လျှင် ၁၀၀၀၀ ကျပ်မှ ၅၀၀၀၀ ကျပ်ခန့်အထိ ဆန်အမျိုးအစား ပေါ်မူတည်၍ ဈေးမြင့်ကွာဟလျက်ရှိသည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘို ဒေသများမှ ဆန်ဝင်ရောက်မှု ပုံမှန်ရှိကြောင်းသိရသည်။

## အစေ့ထုတ်ပြောင်းဈေးကွက်

အစေ့ထုတ်ပြောင်းများမှာ မျိုးစေ့နှင့် သွင်းအားစုများ ဈေးမြင့်ခဲ့ခြင်းကြောင့်ထုတ်လုပ်မှု စရိတ်များ ဈေးမြင့်ခဲ့သော်လည်း နယ်မြေအခြေအနေနှင့် လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် သယ်ယူစရိတ်များမြင့်ခြင်း၊ နယ်စပ်ဂိတ်များမှ တင်ပို့မှုနည်းခြင်းတို့ဖြစ်ပေါ်ခဲ့သည်။ ကမ္ဘာ့ပြောင်းဈေး အနည်းငယ် ဈေးနိမ့်လာခြင်း၊ ထိုင်းနိုင်ငံသို့ အခွန်လွတ်တင်ပို့ချိန်ရောက်ရှိလာပြီ ဖြစ်သော်လည်း ထိုင်းနယ်စပ်ရှိ ပြောင်းဈေးကျခြင်းစသည့် အခြေအနေများကြောင့် ပြည်တွင်းပြောင်းဈေးများမှာယခင်အပတ်ဈေးနှုန်းများဖြင့်သာဈေးငြိမ်အရောင်းအဝယ်အေးခဲ့သည်။အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ပျမ်းမျှ ဈေးနှုန်းမှာ ၆၂၁၀၀ ကျပ်ဖြစ်သည်။

## ပဲမျိုးစုံဈေးကွက်

ပဲမျိုးစုံ အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံတွင် ရာသီဥတုဖောက်ပြန်ခြင်းနှင့် ပဲအထွက်နှုန်းလျော့နည်းခဲ့ခြင်းကြောင့် ပဲလိုအပ်ချက်များကာ မတ်ပဲ၊ ပဲစင်းငုံများအား လွတ်လပ်စွာတင်သွင်း ခွင့်အား ၂၀၂၅ ခုနှစ်အထိ တိုးမြှင့်ခွင့်ပြုရန် ကြေညာချက်ထုတ်ပြန်ထားခြင်း၊ အိန္ဒိယဝယ်လက်များမှ ဝယ်ယူမှုရှိခြင်း၊ မြန်မာပြည်တွင်း၌လည်း ပဲဟောင်းလက်ကျန်နည်းချိန်ဖြစ်ခြင်း၊ တက်ဈေးကို မျှော်၍ ဝယ်ယူစုဆောင်းမှုများခြင်း၊ ဒေါ်လာငွေလဲနှုန်းနှင့် ရွှေဈေးများမြင့်လာခြင်းစသည့်အခြေအနေများ ကြောင့် မတ်ပဲ(သဘော်တင်)ဈေးနှုန်းများ ယခင်အပတ်ထက် ဆက်လက်ဈေးမြင့်ခဲ့သည်။ အလားတူပင် ပဲစင်းငုံ(သဘော်တင်)မှာ ပဲသစ်များ ကုန်အဝင်ရှိလာခြင်း၊ အရည်အသွေးကောင်းခြင်း၊ အိန္ဒိယ ဝယ်လက်များက ဝယ်ယူမှုများခြင်းတို့ကြောင့် ယခင်အပတ်ထက် ဆက်လက်ဈေးမြင့်ခဲ့သည်။ မတ်ပဲ (သဘော်တင်) တစ်တန်လျှင် ယခင်အပတ်ဈေးနှုန်း ၃၁၇၀၀၀၀ ကျပ်မှ ယခုအပတ်ဈေးနှုန်း ၃၄၉၅၀၀၀ ကျပ်သို့လည်းကောင်း၊ ပဲစင်းငုံ(သဘော်တင်) တစ်တန်လျှင် ယခင်အပတ်ဈေးနှုန်း ၃၈၂၂၀၀၀ ကျပ်မှ ယခုအပတ်ဈေးနှုန်း ၄၁၅၀၀၀၀ ကျပ်သို့လည်းကောင်း အသီးသီးရောက်ရှိဈေးမြင့် ခဲ့သည်။ ယခုရက်သတ္တပတ်အတွင်း ကုန်စည်ဒိုင်ဖွင့်ရက် ၆ ရက်ရှိခဲ့ပြီး မတ်ပဲ(သဘော်တင်)မှာ ကုန်သေတ္တာ ၆၀ လုံးခန့်နှင့် ပဲစင်းငုံ (သဘော်တင်)မှာ ကုန်သေတ္တာ ၉၀ လုံးခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ ပဲတီရွှေဝါဈေးနှုန်းများမှာလည်း ပဲသစ်ပေါ်ချိန်ဖြစ်ခြင်း၊ ပဲသစ်များ အရည် အသွေးကောင်းခြင်း၊ တရုတ်နှင့် ဥရောပနိုင်ငံအချို့မှ ဝယ်လိုအားရှိခြင်း၊ ပဲတီစိမ်း စိုက်ပျိုးသော ဒေသအချို့တွင် မတ်ပဲများအား အစားထိုးစိုက်ပျိုးမှုများရှိခဲ့ခြင်းကြောင့်ပဲတီစိမ်းအထွက်နှုန်းအနည်းငယ် လျော့နည်းခဲ့ခြင်း စသည့်အခြေအနေများကြောင့် ယခင်အပတ် ထက် ဆက်လက်ဈေးမြင့်ခဲ့သည်။ပဲတီစိမ်း ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၁၀၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်း ၂၂၀၈၀၀ကျပ်သို့ရောက်ရှိဈေးမြင့်ခဲ့သည်။ ပဲလွှမ်းဖြူ၊ ပဲပုတ်ပဲနှင့်ဘိုကိတ်ပဲများမှာ စိုက်ပျိုးထုတ်လုပ်မှုနည်းသော ပဲအမျိုးအစားများဖြစ်၍ စိုက်ပျိုးထွက်ရှိ မှုနည်းခြင်း၊ ပဲသစ်များပေါ်ချိန်ဖြစ်ခြင်း၊ အရည်အသွေး ကောင်းခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးမြင့်ခဲ့သည်။ ပဲလွှမ်းဖြူ ၃တင်း / ၆၀ ပိဿာလျှင် ယခင်အပတ်ဈေးနှုန်းမှာ ၂၂၄၅၅၀ ကျပ်မှယခုအပတ်ဈေးနှုန်း ၂၂၇၅၅၀ ကျပ်သို့လည်းကောင်း၊ ပဲပုတ်ပဲ ၃တင်း/၆၀ ပိဿာလျှင် ယခင်အပတ် ဈေးနှုန်း ၁၈၅၅၅၀ ကျပ်မှ ယခုအပတ်ဈေးနှုန်း ၁၈၉၀၀၀ကျပ်သို့ လည်းကောင်း၊ ဘိုကိတ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ဈေးနှုန်းမှာ ၂၃၂၅၀၀ ကျပ်မှ ယခုအပတ်ဈေးနှုန်း ၂၄၀၀၀၀ ကျပ် သို့လည်းကောင်း အသီးသီးရောက်ရှိ ဈေးမြင့်ခဲ့ကြသည်။ ကုလားပဲမှာ ပဲဟောင်းလက်ကျန်များ အရည်အသွေး နိမ့်လာခြင်းနှင့် အရောင်းအဝယ် အေးခြင်းကြောင့် ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်နေခဲ့သည်။ ကုလားပဲတစ်ပိဿာလျှင် ပျမ်းမျှ ဈေးနှုန်းမှာ ၄၈၇၅ ကျပ်ဖြစ်သည်။ ထောပတ်ပဲမှာ ပဲသစ်အချို့ ဈေးကွက်သို့ စတင်ဝင်ရောက်လာခြင်းကြောင့် ယခုရက်သတ္တပတ်အတွက် ထောပတ်ပဲဈေးနှုန်းမှာ ၃တင်း / ၆၀ ပိဿာလျှင် ၄၂၇၈၀၀ ကျပ်ဖြစ်သည်။

## စားသုံးဆီဈေးကွက်

ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သော နိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသော ဈေးကွက် ဈေးနှုန်းများအပေါ် အခြေခံ၍ စားအုန်းဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်း ကြီးကြပ်မှု ကော်မတီ၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်မှ ၁၂ ရက်အထိ ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၅၂၇၅ ကျပ်ဖြစ်သည်။ ယခင်အပတ်ထုတ်ပြန်ထားသောဈေးနှုန်းမှာ ၅၃၈၀ ကျပ်ဖြစ်ခြင်းကြောင့် စားအုန်းဆီ တစ်ပိဿာလျှင် ယခင်အပတ်ထက် ၁၀၅ကျပ် ပြန်လည်ဈေးနိမ့်လာခဲ့ခြင်းဖြစ်သည်။ ပြင်ပရှိ လက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆိုင်အချို့၌ ရည်ညွှန်းဈေးနှုန်းထက်များစွာ မကွာသောဈေးနှုန်းများဖြင့် စားအုန်းဆီများအား ဝယ်ယူရရှိနိုင်သည်။

အေးသန္တာဝင်း

Agribiz News www.agribiznews.com.mm သတင်း
မှ
ePaper များကို
ရယူလိုက်ပါ
www.agribiznews.com.mm




## ဆန်ဈေးကွက်

မန္တလေးကိုင်းတန်းဈေး ဆန်ပွဲရုံများတွင် ဆန်ဈေးနှုန်းအနေဖြင့် ရန်ကုန်ပေါ်ဆန်း အဝင် နည်းသွားခြင်း၊ မန္တလေးဝန်းကျင်အမှာရှိသောမြို့များ တင်ပို့ရမှုရှိခြင်းကြောင့် တစ်အိတ် ၁၂၅၀၀၀ ကျပ်မှ ၁၃၅၀၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။ ရွှေဘိုပေါ်ဆန်းမှာ အဝင်ပုံမှန် စားသုံးမှု ပုံမှန် ရှိခြင်းကြောင့် တစ်အိတ် ၁၄၅၀၀၀ ကျပ် ဖြင့် ဈေးငြိမ်နေသည်။

မနောသုခဆန်မှာ အဝင်နည်းသွားခြင်း၊ မြို့တွင်းစားသုံးရန် ဝယ်ယူမှုများခြင်းကြောင့် တစ်အိတ် ၉၀၀၀၀ ကျပ် မှ ၉၂၀၀၀ ကျပ် သို့ ဈေးမြင့်သွားသည်။

ငစိန်ဆန်နှင့်ဇီယာဆန်မှာ တောင်သူထံ လက်ကျန်နည်းသွားသဖြင့် ပင်ရင်းဈေးမြင့်ခြင်းကြောင့် ဇီယာဆန်တစ်အိတ် ၉၀၀၀၀ ကျပ်မှ ၉၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး ငစိန်ဆန်မှာ လုပ်ငန်းသမား၊ အဝယ်နည်းခြင်းကြောင့် ပင်ရင်းဈေး မသိမသာမြင့်သော်လည်း တစ်အိတ် ၇၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ဧရာမင်းဆန်မှာ အသစ်နှင့်အဟောင်း နှစ်မျိုးလုံးတွေ့ရပြီး အသစ်တစ်အိတ် ၁၄၈၀၀၀ ကျပ် အဟောင်း ၁၆၂၀၀၀ ကျပ် ဖြင့် မြို့တွင်းသုံးနှင့် မန္တလေးဝန်းကျင်မြို့များမှ အမှာတင်ပို့မှုများရှိသည်။

## ဆီထွက်သီးနှံဈေးကွက်

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်းတွင် ဆီထွက်သီးနှံများအနက် မြေပဲ (လုံးဆံ/ဆီဆံ) ဈေးနှုန်းမှာ ဆောင်းမြေပဲ (လုံးဆံ) သစ်များ ဝင်ရောက်ပြီး အရည်အသွေးကောင်းခြင်းကြောင့် ၁၀၀ ပိဿာ အနိမ့်ဆုံး ၇၂၀၀၀၀ ကျပ် မှ အကောင်းဆုံး ၈၇၀၀၀၀ ကျပ် ထိ ဈေးအမျိုးမျိုးနှင့် လုပ်ငန်းသမား ဝယ်ယူမှုရှိသည်။ မြေပဲ (ဆီဆံ) မှာ အသစ်မဝင်သေးခြင်း၊ အဝင်ပုံမှန်၊ ဆီစက်သမား အဝယ်ပုံမှန် ရှိခြင်းကြောင့် ၁၀၀ ပိဿာ ၆၅၀၀၀၀ ကျပ် ဖြင့် ဈေးတည်ငြိမ်နေသည်။

နှမ်းမျိုးစုံတို့အနက် နှမ်းဖြူမှာ ဆောင်းနှမ်းအဝင်ပုံမှန်ရှိခြင်း၊ လုပ်ငန်းသမား တရုတ်အဝယ် နည်းခြင်းကြောင့် အရည်အသွေးပေါ် မူတည်၍ အညံ့ဆုံး ၄၅ ပိဿာ ၃၆၀၀၀၀ ကျပ်မှ အကောင်းဆုံး ၄၀၅၀၀၀ ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်မှုရှိသည်။ နှမ်းညိုမှာ အသစ်အဝင်နည်းခြင်း၊ ဆီစက်သမား ဝယ်ယူမှုပုံမှန်ရှိခြင်းကြောင့် ၄၅ပိဿာ ၃၂၅၀၀၀ ကျပ် ဖြင့် ဈေးငြိမ်နေသည်။ နှမ်းနက် (စမုံ)မှာ အသစ်အဝင်နည်းသော်လည်း အရောင်းအဝယ်အေးခြင်းကြောင့် အရည်အသွေး အကောင်းဆုံး ၄၅ ပိဿာ ၄၃၀၀၀၀ ကျပ်မှ ၄၀၅၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ နှမ်းနီနှင့် နှမ်းဝါမှာ စိုက်ဧကနည်း အထွက်နည်း အဝင်နည်းခြင်းကြောင့် နှမ်းဝါ ၄၅ ပိဿာ ၃၃၀၀၀၀ကျပ်နှင့် နှမ်းနီ ၃၃၅၀၀၀ ကျပ် ဖြင့် ဈေးတည်ငြိမ်နေသည်။

ပန်းနှမ်းဈေးနှုန်းအနေဖြင့် အဝင်နည်းခြင်း ပစ္စည်းရှားခြင်း လက်လီနှင့် ဘယဆေးသမား အဝယ်ပုံမှန်ရှိခြင်းတို့ကြောင့် ၄၅ ပိဿာ ၂၄၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

နေကြာဈေးနှုန်းအနေဖြင့် ဆောင်းနေကြာဝင်ချိန်နီးခြင်း၊ ဆီစက်သမား အဝယ်နည်းခြင်းတို့ကြောင့် ၂၇ ပိဿာ ၁၁၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## စားဖိုဆောင် သီးနှံဈေးကွက်

မန္တလေးကိုင်းတန်းဈေးကွက်တွင် ကြက်သွန်နီ ဈေးနှုန်းအနေဖြင့် မြစ်သားနှင့် မုံရွာ၊ မြင်းခြံ၊ ရွှေဘို ဒေသစုံမှဝင်ရောက်မှုရှိပြီး၊ မြစ်သားကြက်သွန်(ကြီး) တစ်ပိဿာ ၂၅၀၀ ကျပ်၊ လတ် တစ်ပိဿာ ၂၂၀၀ ကျပ်၊ သေးတစ်ပိဿာ ၂၀၀၀ ကျပ် ဈေးဖြစ်ပြီး၊ ကျန်နယ်စုံ ကြက်သွန်များမှာ ကြီး တစ်ပိဿာ ၂၀၀၀ ကျပ်မှ သေးတစ်ပိဿာ ၈၀၀ ကျပ်ထိရှိပြီး လားရှိုး၊ မြစ်ကြီးနား၊ ဖားကန့်နှင့် မန္တလေးဝန်းကျင်အမှာရှိသောမြို့များသို့ တင်ပို့မှု ရှိသည်။

ကြက်သွန်ဖြူ (တရုတ်)မှာ အဝင်ပုံမှန် စားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၉၅၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး၊ ရှမ်းကြက်သွန်ဖြူမှာ အရည်အသွေးပေါ်မူတည်၍ ၁၂၀၀၀ ကျပ်မှ ၁၅၀၀၀ ကျပ်ဖြင့် ရောင်းဝယ်မှုရှိသည်။ ရွှေဘို၊ ရွှေပန်းကုံးဘက်မှ မြန်မာကြက်သွန်ဖြူများလည်း စတင်ဝင်ရောက်မှုရှိပြီး အစိုခတ်ပါဝင်မှုရှိသော်လည်း ပေါ်စအချိန်ဖြစ်၍ အရည်အသွေးပေါ် မူတည်၍ ၁၅၀၀၀ ကျပ်မှ ၁၈၀၀၀ ကျပ်သို့ ဈေးမြင့်နေသည်။

အာလူးဈေးနှုန်းအနေဖြင့် အောင်ပန်းအာလူးနှင့် တရုတ်အာလူးနှစ်မျိုးလုံးတွေ့ရပြီး တရုတ် အာလူးမှာ အဝင်ပုံမှန် စားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၂၅၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး အောင်ပန်းအာလူးမှာ စတင်ဝင်ရောက်စဖြစ်၍ တစ်ပိဿာ ၄၀၀၀ ကျပ်ထိဈေးမြင့်နေသည်။

ချင်းဈေးနှုန်းအနေဖြင့် အောင်ပန်း၊ ပြင်ဦးလွင်တို့မှ ဝင်ရောက်ပြီး ဘင်္ဂလားတင်ပို့မှု မရှိ၍ ပင်ရင်းဈေးနိမ့်ခြင်းကြောင့် အခက်ကြီးတစ်ပိဿာ ၄၀၀၀ ကျပ်မှ ၃၅၀၀ ကျပ်သို့ ဈေးမသိမသာနိမ့် သွားသည်။

## ပဲမျိုးစုံဈေးကွက်

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်းတွင် မတ်ပဲ အဝင်နည်း၊ ပစ္စည်းကောင်းရှားခြင်း၊ ရန်ကုန်ဝယ်လက်နှင့် ပဲခွဲစက်များ အဝယ်ရှိခြင်းကြောင့်အရည် အသွေးပေါ်မူတည်၍ ၃ တင်း တစ်အိတ် ၃၀၀၀၀၀ ကျပ်မှ မြင်းမူစ ၃၂၇၀၀၀ ကျပ်ထိ ဈေးမြင့် နေသည်။

ပဲတီစိမ်း (အညာ)မှာ အဝင်ပုံမှန် ပဲခွဲစက်နှင့် တရုတ်ဝယ်လက်ပုံမှန်ဖြစ်၍ အရည်အသွေး အလိုက် ၃တင်းတစ်အိတ် ၁၆၀၀၀၀ ကျပ်မှ ၂၀၀၀၀၀ ကျပ်ထိ ပုံမှန်ရောင်းဝယ်မှုရှိသည်။ ပဲစဉ်းငုံ (ဖြူ၊ နီ) တို့အနက် အသစ်ဝင်နည်းသေးခြင်း ရန်ကုန်ဝယ်လက်ရှိခြင်းကြောင့် ပဲစဉ်းငုံ (နီ) မှာ ယခင် အပတ် ၃တင်းတစ်အိတ် အရည်အသွေးကောင်းဆုံး ၃၆၇၀၀၀ ကျပ်မှ ယခုအပတ် ၄၀၀၀၀၀ ကျပ်ထိ ဈေးမြင့်သွားပြီး ပဲစဉ်းငုံ (ဖြူ) မှာ ပစ္စည်းရှားအရောင်းအဝယ်မရှိသဖြင့် ဈေးနှုန်းဖော်ပြနိုင်ခြင်း မရှိပါ။

ပဲပုတ် (ရှမ်း၊ မြန်မာ) အသစ်မဝင်သေးခြင်း၊ အရောင်းအဝယ်နည်းခြင်းကြောင့် ပဲပုတ် (မြန်မာ) ၃တင်းတစ်အိတ် ၂၀၀၀၀၀ ကျပ် ပဲပုတ်(ရှမ်း) ၁၇၃၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေ သည်။

ကုလားပဲဈေးနှုန်းများအနေဖြင့် ကုလားပဲ (ကုဖြူကြီး) မှာ အသစ်ဝင်ရောက်စပြုသော် လည်း အဝင်နည်းသေးခြင်း၊ လုပ်ငန်းသမားအဝယ်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၃၀၀၀၀၀ ကျပ်မှ ၃၂၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး ကုလားပဲ (လုံးဝါကြီး)မှာ အသစ်မဝင်သေးခြင်း ပစ္စည်းရှား ခြင်းကြောင့် အရောင်းအဝယ်အေးပြီး ၃တင်းတစ်အိတ် ၂၈၇၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ လုံးဝါကြီးဈေးငြိမ်သဖြင့် ခွဲခြမ်းမှာလည်း တစ်ပိဿာ ၆၉၀၀ ကျပ်ဖြင့် မြို့တွင်းသုံး ဝယ်ယူမှု ပုံမှန်ရှိနေသည်။

ပဲယင်း၊ မြေတောက်ပဲ၊ ပဲလွန်းဖြူ၊ ပဲလွန်းပြာတို့မှာ အသစ်ဝင်ရောက်သော်လည်း အဝင်နည်းသေးခြင်း၊ လုပ်ငန်းသမား၊ လက်လီသမား အဝယ်ပုံမှန်ရှိခြင်း စိုက်ဧကနည်း အထွက်နည်း အဝင်နည်းခြင်းကြောင့် ပဲယင်း ၃တင်း တစ်အိတ် ၁၉၀၀၀၀ ကျပ်၊ မြေတောက်ပဲ ၃တင်း တစ်အိတ် ၃၈၅၀၀၀ ကျပ်၊ ပဲလွန်းဖြူ ၃တင်းတစ်အိတ် ၂၂၀၀၀၀ ကျပ် ပဲလွန်းပြာ ၂၂၀၀၀၀ ကျပ်သို့ ဈေးမသိမသာ မြင့်သွားသည်။

စားတော်ပဲ (ကျွန်း) မှာ စိုက်ဧကနည်း အထွက်နည်း အဝင်နည်းခြင်းရှိသော်လည်း စားတော်ပဲ (ကနေဒါ) မှာဈေးနိမ့်ခြင်း၊ လက်လီသမား အဝယ်နည်းခြင်းကြောင့် ၃တင်းတစ်အိတ် ၃၅၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲကြီး (ကြီး၊သေး) ထောပတ်ပဲ (ကြီး၊သေး) တို့မှာ အသစ်ဝင်ရောက်မှု နည်းသေးခြင်း၊ ပဲကြော်၊ လှော်လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ပဲကြီး၊ ကြီး) ၃တင်းတစ်အိတ် ၃၉၀၀၀၀ ကျပ်၊ ပဲကြီး (သေး) ၃၅၀၀၀၀ ကျပ်၊ ထောပတ်ပဲ (ကြီး) ၄၈၀၀၀၀ ကျပ်၊ ထောပတ်ပဲ (သေး) ၄၅၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## ဟင်းသီး/ရွက်ဈေးကွက်

မန္တလေးသီရိမာလာ ဈေးကုန်စိမ်းပွဲရုံများတွင် ကျောက်ဆည်ဘက်မှ ပန်းမုံလာများဝင်ရောက် မှုများခြင်းကြောင့် တစ်ပွင့် ၃၅၀ ကျပ်၊ မြေပြန့်နှင့် ရှမ်းတောင် ဂေါ်ဖီထုပ်များ လှိုင်လှိုင်ဝင်ရောက် မှုကြောင့် တစ်ထုပ် ၅၀၀ကျပ်ထိ ဈေးများနိမ့်သွားသည်။ မြင်းမူ၊ မတ္တရာမှ ခရမ်းချဉ်သီးများ လှိုင်လှိုင်ဝင်ရောက်မှုရှိခြင်းကြောင့် တစ်ပိဿာ ၆၀၀ ကျပ်ထိ ဈေးနိမ့်သွားသည်။ အောင်ပန်း၊ ပြင်ဦးလွင်ဘိုစားပဲများအဝင်များလာသဖြင့် တစ်ပိဿာ ၂၀၀၀ကျပ်ထိ ဈေးနိမ့်သွားသည်။ မန္တလေးဝန်းကျင်မှ ပြောင်းဖူး ၁၀၀ဖူး ပါတစ်အိတ် ၂၀၀၀၀ကျပ် မှ ၂၅၀၀၀ကျပ်၊ မုံလာဥ ၅ခုတွဲ အစည်း ၄၀ပါ တစ်

စာ-၁၂ သို့

# ၂၀၂၄ ဇန်နဝါရီလ သွင်းအားစု ဈေးနှုန်းများ (၃၁-၁-၂၀၂၄)

| စဉ် | သီးနှံအမည် | ယူနစ် | | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | စစ်ကိုင်း | ဧရာဝတီ | တနင်္သာရီ | ကရင် | ရှမ်း(တောင်) |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေတွက်ပုံ | တစ်ယူနစ် ပမာဏ | | | | | | | | | |
| | ယူရီးယား | | | | | | | | | | | |
| ၁ | မြင်းပုံ | အိတ် | ၅၀ ကီလို | ၈၃,၀၀၀ | ၈၆,၀၀၀ | | ၇၉,၀၀၀ | ၈၅,၀၀၀ | ၈၅,၀၀၀ | ၁၀၃,၅၀၀ | ၁၁၀,၀၀၀ | ၉၈,၀၀၀ |
| ၂ | ရွှေတောင် | အိတ် | ၅၀ ကီလို | ၇၅,၀၀၀ | ၈၃,၀၀၀ | ၈၀,၀၀၀ | ၇၉,၀၀၀ | ၈၄,၀၀၀ | ၇၈,၀၀၀ | ၁၀၃,၃၃၃ | | ၉၈,၀၀၀ |
| ၃ | သြဘာ/ကောမက် | အိတ် | ၅၀ ကီလို | | ၈၅,၀၀၀ | ၈၅,၀၀၀ | ၈၀,၀၀၀ | ၈၅,၀၀၀ | ၈၄,၀၀၀ | ၉၂,၅၀၀ | | ၉၈,၀၀၀ |
| ၄ | ရွှေနဂါး | တင်း | ၅၀ ကီလို | ၇၆,၀၀၀ | ၉၃,၀၀၀ | ၈၅,၀၀၀ | ၇၅,၀၀၀ | ၇၈,၀၀၀ | ၈၅,၀၀၀ | ၈၄,၅၀၀ | | ၉၅,၀၀၀ |
| ၅ | ဝိစာရ | တင်း | ၅၀ ကီလို | | ၈၈,၀၀၀ | ၈၀,၀၀၀ | | ၈၃,၀၀၀ | | ၈၅,၀၀၀ | | ၉၅,၀၀၀ |
| | တီစူပါ | | | | | | | | | | | |
| ၆ | သံကွင်း | အိတ် | ၅၀ ကီလို | | ၁၀၄,၀၀၀ | | ၈၅,၀၀၀ | ၁၂၃,၀၀၀ | ၁၁၀,၀၀၀ | ၁၂၂,၆၆၇ | ၁၂၀,၀၀၀ | ၉၈,၀၀၀ |
| ၇ | အာမို | အိတ် | ၅၀ ကီလို | ၁၆၀,၀၀၀ | ၁၁၀,၀၀၀ | ၁၀၀,၀၀၀ | ၁၀၀,၀၀၀ | ၁၀၅,၀၀၀ | ၁၀၅,၀၀၀ | ၁၁၅,၀၀၀ | | ၁၀၀,၀၀၀ |
| ၈ | သြဘာ/ကောမက် | အိတ် | ၅၀ ကီလို | ၁၆၀,၀၀၀ | ၁၁၄,၀၀၀ | ၁၀၂,၀၀၀ | ၁၁၀,၀၀၀ | ၁၁၀,၀၀၀ | ၁၀၅,၀၀၀ | ၁၄၅,၀၀၀ | | ၁၀၀,၀၀၀ |
| ၉ | ဝိစာရ | အိတ် | ၅၀ ကီလို | | ၉၅,၀၀၀ | | ၉၆,၀၀၀ | ၁၀၅,၀၀၀ | | | | ၉၈,၀၀၀ |
| | ပိုတက် | | | | | | | | | | | |
| ၁၀ | မာကိုတာ | အိတ် | ၅၀ ကီလို | ၁၂၀,၀၀၀ | ၁၁၅,၀၀၀ | ၁၂၅,၀၀၀ | ၉၅,၀၀၀ | ၁၁၅,၀၀၀ | | ၁၄၅,၀၀၀ | ၁၀၅,၀၀၀ | ၉၈,၀၀၀ |
| ၁၁ | ဝိစာရ | အိတ် | ၅၀ ကီလို | ၁၀၂,၀၀၀ | ၁၁၀,၀၀၀ | | | ၁၂၀,၀၀၀ | | ၁၅၀,၀၀၀ | | ၉၈,၀၀၀ |
| ၁၂ | အာမို | အိတ် | ၅၀ ကီလို | ၁၆၀,၀၀၀ | ၁၁၀,၀၀၀ | ၁၃၀,၀၀၀ | ၁၂၅,၀၀၀ | ၁၂၀,၀၀၀ | ၁၀၅,၀၀၀ | ၁၃၅,၀၀၀ | ၁၃၀,၀၀၀ | ၉၈,၀၀၀ |
| ၁၃ | သြဘာ | အိတ် | ၅၀ ကီလို | | ၁၁၀,၀၀၀ | ၁၃၀,၀၀၀ | ၁၁၀,၀၀၀ | ၁၂၅,၀၀၀ | ၁၁၁,၅၀၀ | ၁၂၀,၀၀၀ | | ၉၈,၀၀၀ |
| | ကွန်ပေါင်း | | | | | | | | | | | |
| ၁၄ | သြဘာ/ကောမက် | အိတ် | ၅၀ ကီလို | ၁၅၀,၀၀၀ | ၁၃၀,၀၀၀ | ၁၅၅,၀၀၀ | ၁၃၀,၀၀၀ | ၁၃၅,၀၀၀ | ၁၀၅,၀၀၀ | ၁၃၆,၆၆၇ | ၁၄၇,၀၀၀ | ၉၈,၀၀၀ |
| ၁၅ | အာမို | အိတ် | ၅၀ ကီလို | ၁၆၀,၀၀၀ | ၁၃၅,၀၀၀ | ၁၄၅,၀၀၀ | ၁၅၃,၀၀၀ | ၁၃၀,၀၀၀ | ၁၂၀,၀၀၀ | ၁၄၅,၀၀၀ | | ၉၈,၀၀၀ |
| ၁၆ | ဝိစာရ | အိတ် | ၅၀ ကီလို | ၁၆၀,၀၀၀ | ၁၀၀,၀၀၀ | ၁၄၅,၀၀၀ | ၁၂၅,၀၀၀ | ၁၂၅,၀၀၀ | | ၁၃၀,၀၀၀ | | ၉၅,၀၀၀ |
| ၁၇ | ရွှေနဂါး | အိတ် | ၅၀ ကီလို | | ၁၁၀,၀၀၀ | | ၁၂၆,၀၀၀ | ၁၂၅,၀၀၀ | | | | ၉၅,၀၀၀ |
| ၁၈ | သံကွင်း | အိတ် | ၅၀ ကီလို | | ၁၂၀,၀၀၀ | | ၁၂၆,၀၀၀ | ၁၂၅,၀၀၀ | | ၁၂၂,၃၃၃ | | ၉၅,၀၀၀ |
| | ဂျစ်ပဆန် | | | | | | | | | | | |
| ၁၉ | သြဘာ/ကောမက် | အိတ် | ၂၅ ကီလို | ၇,၀၀၀ | ၈,၀၀၀ | ၈,၀၀၀ | ၇,၀၀၀ | ၁၁,၀၀၀ | ၇,၅၀၀ | ၁၃,၀၀၀ | ၁၂,၀၀၀ | ၉၈,၀၀၀ |
| ၂၀ | အာမို | အိတ် | ၂၅ ကီလို | ၇,၀၀၀ | ၇,၀၀၀ | ၈,၀၀၀ | ၇,၅၀၀ | ၉,၀၀၀ | ၆,၅၀၀ | ၁၂,၀၀၀ | | ၉၈,၀၀၀ |
| | ရွက်ဖျန်းမြေဩဇာ | | | | | | | | | | | |
| ၂၁ | သြဘာ/ကောမက် | ဗူး | ၅၀၀ စီစီ | ၆,၇၅၀ | ၁၀,၃၀၀ | ၇,၀၀၀ | ၈,၅၀၀ | ၁၁,၀၀၀ | | ၈,၆၅၀ | ၉,၀၀၀ | ၁၃,၀၀၀ |
| ၂၂ | အာမို | ထုပ် | ၅၀၀ ဂရမ် | ၆,၅၀၀ | ၁၃,၀၀၀ | ၁၁,၀၀၀ | ၈,၀၀၀ | ၉,၅၀၀ | ၉,၀၀၀ | ၈,၉၀၀ | | ၁၂,၅၀၀ |
| | ပိုးသတ်ဆေး | | | | | | | | | | | |
| ၂၃ | တင်းရှန် | ဗူး | ၅၀၀ စီစီ | | | ၂၉,၅၀၀ | ၂၈,၀၀၀ | ၁၄,၀၀၀ | | ၂၀,၀၀၀ | | ၁၁,၀၀၀ |
| ၂၄ | ဒါနာဒင် | ဗူး | ၅၀၀ စီစီ | | ၂၉,၀၀၀ | ၂၈,၀၀၀ | ၁၅,၃၀၀ | ၂၉,၀၀၀ | | ၂၇,၂၆၇ | | ၁၅,၀၀၀ |
| ၂၅ | ဖိုင်းယား | ဗူး | ၅၀၀ စီစီ | ၂၅,၀၀၀ | ၂၈,၅၀၀ | ၂၆,၁၀၀ | ၂၆,၀၀၀ | ၂၅,၀၀၀ | ၂၅,၀၀၀ | ၂၆,၅၀၀ | | ၁၅,၀၀၀ |
| ၂၆ | ဖျူရီ | ဗူး | ၅၀၀ စီစီ | | | | ၂၀,၀၀၀ | ၁၈,၀၀၀ | ၄၀,၀၀၀ | ၂၈,၀၀၀ | | |
| ၂၇ | ဘက်တား | ထုပ် | ၅၀၀ ဂရမ် | ၄၇,၅၀၀ | ၂၃,၀၀၀ | ၅၀,၀၀၀ | ၂၀,၅၀၀ | ၃၈,၀၀၀ | ၄၂,၀၀၀ | ၄၀,၀၀၀ | ၅၀,၀၀၀ | ၁၄,၀၀၀ |
| | မှိုသတ်ဆေး | | | | | | | | | | | |
| ၂၈ | ကာဆူမင် | ဗူး | ၅၀၀ စီစီ | | | ၂၂,၅၀၀ | | ၃၃,၀၀၀ | ၂၄,၀၀၀ | ၂၅,၁၆၇ | ၃၆,၀၀၀ | ၁၀,၀၀၀ |
| ၂၉ | ဆင်နာဂျီ | ထုပ် | ၅၀၀ ဂရမ် | | ၂၀,၀၀၀ | ၁၉,၈၀၀ | ၁၉,၅၀၀ | ၁၉,၀၀၀ | ၂၅,၀၀၀ | ၂၅,၀၀၀ | ၂၇,၅၀၀ | ၃၀,၀၀၀ |
| ၃၀ | မန်ကိုဇက် | ထုပ် | ၅၀၀ ဂရမ် | ၁၅,၀၀၀ | ၂၀,၀၀၀ | ၁၃,၅၀၀ | | ၁၁,၀၀၀ | ၁၇,၀၀၀ | ၂၂,၇၅၀ | ၁၉,၀၀၀ | ၁၀,၀၀၀ |
| ၃၁ | ယူနတီ | ဗူး | ၅၀၀ စီစီ | ၇၅,၀၀၀ | | ၄၆,၅၀၀ | ၂၄,၅၀၀ | ၅၅,၀၀၀ | ၆၄,၀၀၀ | ၇၂,၀၀၀ | ၁၂,၅၀၀ | ၁၅,၀၀၀ |
| ၃၂ | ဟက်ဇာခွန်/ဟက်ဇာဂိုနားဇိုး | ဗူး | ၅၀၀ စီစီ | ၁၅,၀၀၀ | ၁၉,၀၀၀ | | | ၂၀,၀၀၀ | | ၂၀,၀၀၀ | ၃၀,၀၀၀ | ၁၅,၀၀၀ |
| ၃၃ | အာမိုခရောင်း | ထုပ် | ၅၀၀ ဂရမ် | ၁၆,၂၅၀ | | ၃၂,၅၀၀ | | ၃၂,၀၀၀ | ၂၅,၀၀၀ | ၁၈,၄၀၀ | | ၂၀,၀၀၀ |
| | ပေါင်းသတ်ဆေး | | | | | | | | | | | |
| ၃၄ | ကွန်ပလီ | ထုပ် | ၅၀၀ ဂရမ် | ၃၃,၀၀၀ | | ၄၀,၀၀၀ | ၁၀,၀၀၀ | ၃၀,၀၀၀ | ၂၈,၀၀၀ | ၃၀,၀၀၀ | | ၂၁,၀၀၀ |
| ၃၅ | ဂလိုင်ဖိုဆိတ်/ပေါင်းကေလာ | ဗူး | ၁ လီတာ | ၁၄,၅၀၀ | ၁၆,၀၀၀ | ၁၈,၁၀၀ | ၁၂,၀၀၀ | ၁၂,၅၀၀ | ၁၅,၀၀၀ | ၁၇,၀၀၀ | ၅၆,၀၀၀ | ၁၃,၀၀၀ |
| ၃၆ | ဂျင်နရယ် | ဗူး | ၁ လီတာ | | | | | ၁၂,၅၀၀ | | ၁၅,၀၀၀ | | ၁၃,၀၀၀ |
| ၃၇ | ဓောင်းထက်(40wp) | ထုပ် | ၅၀၀ ဂရမ် | ၃၇,၅၀၀ | | | | ၂၁,၀၀၀ | | ၄၃,၀၀၀ | | ၂၂,၅၀၀ |
| ၃၈ | ဖော်ကျွန်း | ဗူး | ၅၀၀ စီစီ | ၂၅,၀၀၀ | ၃၀,၀၀၀ | ၃၀,၀၀၀ | ၁၃,၂၀၀ | ၂၄,၅၀၀ | | ၂၅,၀၀၀ | ၃၀,၀၀၀ | ၁၄,၀၀၀ |
| ၃၉ | မက်ဖိုက်တာ | ထုပ် | ၅၀၀ ဂရမ် | | | | | ၂၇,၀၀၀ | | ၂၅,၀၀၀ | | ၁၅,၀၀၀ |
| ၄၀ | ဝိစာရ | ဗူး | ၅၀၀ စီစီ | | | | | ၂၇,၀၀၀ | | | | ၂၉,၅၀၀ |
| | ဟော်မုန်း | | | | | | | | | | | |
| ၄၁ | ဂရိုးဩ | ထုပ် | ၁၀ စီစီ | ၁,၃၀၀ | | ၁,၇၀၀ | ၂,၀၀၀ | ၁,၃၀၀ | ၃,၀၀၀ | ၁,၂၀၀ | | |
| ၄၂ | ဖာတီစတက် | ဗူး | ၅၀၀ စီစီ | | | | | ၂၈,၀၀၀ | | | ၁၇,၅၀၀ | ၁၇,၀၀၀ |
| ၄၃ | မော်ရယ်မုန်း/လစ်တိုဇင် | ဗူး | ၅၀၀ စီစီ | ၂၃,၀၀၀ | | ၂၇,၄၀၀ | ၂၁,၀၀၀ | ၂၃,၀၀၀ | | ၁၉,၂၅၀ | ၄၃,၀၀၀ | ၁၅,၀၀၀ |
| ၄၄ | အာမို | ဗူး | ၅၀၀ စီစီ | | | | | ၂၃,၀၀၀ | | ၂၈,၀၀၀ | | ၁၆,၅၀၀ |
| ၄၅ | GA3 | ထုပ် | ၁၀ ဂရမ် | ၂,၀၀၀ | | | | ၂,၀၀၀ | ၂,၅၀၀ | ၂,၇၅၀ | ၂,၅၀၀ | ၃,၅၀၀ |

# ၂၀၂၄ ဇန်နဝါရီလ သွင်းအားစု ဈေးနှုန်းများ (၃၁ - ၁ - ၂၀၂၄)

| စဉ် | သီးနှံအမည် | ယူနစ် | | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | စစ်ကိုင်း | ဧရာဝတီ | တနင်္သာရီ | ကရင် | ရှမ်း(တောင်) |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေတွက်ပုံ | တစ်ယူနစ် ပမာဏ | | | | | | | | | |
| | မျိုးစေ့ | | | | | | | | | | | |
| ၄၆ | မနောသုခ(မျိုး) | တင်း | ၄၆ ပေါင် | ၃၁,၅၀၀ | | ၄၇,၀၀၀ | ၂၅,၀၀၀ | ၃၅,၀၀၀ | ၂၅,၀၀၀ | ၂၂,၇၅၀ | ၁၇,၀၀၀ | |
| ၄၇ | ဆင်းသုခ(မျိုး) | တင်း | ၄၆ ပေါင် | ၃၂,၀၀၀ | ၂၅,၀၀၀ | ၄၇,၀၀၀ | ၂၅,၀၀၀ | ၃၅,၀၀၀ | ၂၅,၀၀၀ | ၂၂,၂၅၀ | ၁၈,၀၀၀ | |
| ၄၈ | ဧရာမင်း(မျိုး) | တင်း | ၄၆ ပေါင် | ၄၀,၀၀၀ | ၃၀,၀၀၀ | ၅၁,၅၀၀ | ၃၂,၀၀၀ | ၄၀,၀၀၀ | ၃၀,၀၀၀ | ၂၃,၂၅၀ | | |
| ၄၉ | ပေါ်ဆန်းမွှေး(မျိုး) | တင်း | ၄၆ ပေါင် | ၄၀,၀၀၀ | ၃၀,၀၀၀ | | | ၅၀,၀၀၀ | | ၂၆,၀၀၀ | | |
| ၅၀ | လုံးသွယ်မွှေး(မျိုး) | တင်း | ၄၆ ပေါင် | | | | | ၃၅,၀၀၀ | | | | |
| ၅၁ | ရွှေရင်အေး(မျိုး) | တင်း | ၄၆ ပေါင် | | | | | ၃၀,၀၀၀ | | | | ၂၀,၀၀၀ |
| ၅၂ | ပေါ်ဆန်းရင်(မျိုး) | တင်း | ၄၆ ပေါင် | ၄၀,၀၀၀ | ၃၁,၀၀၀ | | | ၅၀,၀၀၀ | ၃၇,၀၀၀ | ၂၅,၂၅၀ | | |
| ၅၃ | ရတနာတိုး(မျိုး) | တင်း | ၄၆ ပေါင် | ၃၂,၀၀၀ | | | ၂၀,၀၀၀ | ၂၅,၀၀၀ | | | | |
| ၅၄ | ရွှေသွယ်ရင်(မျိုး) | တင်း | ၄၆ ပေါင် | | | ၄၃,၀၀၀ | | ၂၅,၀၀၀ | | | | |
| ၅၅ | ဆင်းသွယ်လတ်(မျိုး) | တင်း | ၄၆ ပေါင် | | | | | ၃၀,၀၀၀ | | ၂၂,၂၅၀ | ၁၇,၀၀၀ | |
| ၅၆ | မော်ဘီ-၂ (မျိုး) | တင်း | ၄၆ ပေါင် | | | | ၂၃,၀၀၀ | | | ၂၈,၅၀၀ | | |
| ၅၇ | ထိုင်းနံ့ကောက် (မျိုး) | တင်း | ၄၆ ပေါင် | ၃၅,၀၀၀ | | | | | | | | |
| ၅၈ | ဆင်းကေရီ-၃ (မျိုး) | တင်း | ၄၆ ပေါင် | | | | | | | | | |

စိုက်ပျိုးရေးဦးစီးဌာန စီမံကိန်းရေးဆွဲသုံးသပ်ရေးဌာနခွဲ ဈေးကွက်သတင်းအချက်အလက်စနစ် ဌာနစိတ်မှ ပြုစုသည်

# ဆောင်းရာသီကွမ်းရွက်အထွက်နှုန်းကျချိန် ဈေးနှုန်းများမြင့်တက်



ကွမ်းခြံများသည် ဆောင်းရာသီတွင် သွင်းအားစု မထည့်သွင်းနိုင်မှုကြောင့် အထွက်နှုန်းကျဆင်းခဲ့သော်လည်း ကွမ်းရွက် တစ်ပိဿာလျှင် ကျပ် ၂၀,၀၀၀ ကျော်အထိ ဈေးတက်ခဲ့ကြောင်း မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ကွမ်းခြံလုပ်ငန်း လုပ်ကိုင်နေသည့် ဒေသခံများက ပြောကြားခဲ့သည်။

ကွမ်းရွက်စိုက်ပျိုးခြင်းတွင် မှိုရောဂါကျရောက်မှုကို ကာကွယ်နိုင်ရန် စနစ်ကျသည့် စိုက်ပျိုး ပြုစုမှုနည်းစနစ်များ လိုအပ်သည်။ ထို့ပြင် ကွမ်းပင်များ မြစ်ပုတ်ရောဂါ၊ ပင်ခြေပုပ်ရောဂါ နှင့် ပင်ခြောက်ရောဂါများမှ ကာကွယ်ရန် ရေအလွန်အကျွံပေးခြင်း နှင့် အစိုဓာတ်လွန်ကဲခြင်းများ မဖြစ်သည့် မြေဆီလွှာလည်း လိုအပ်ပါသည်။

လက်ရှိပေါက်ဈေးမှာ မျိုးများအပေါ်မူတည်၍ တစ်ပိဿာလျှင် ကျပ် ၁၅,၀၀၀ မှ ကျပ် ၂၀,၀၀၀ အကြား ပေါက်ဈေးရှိပြီး ဈေးနှုန်းတက်လာခြင်းသည် ကွမ်းစိုက်တောင်သူများအတွက် အကျိုးရှိကြောင်း ပွင့်ဖြူမြို့နယ်မှ တောင်သူတစ်ဦးက ပြောကြားခဲ့သည်။

ခြောက်သွေ့သော ပွင့်ဖြူမြို့နယ်တွင် နေထိုင်သူများအတွက် စိုက်ပျိုးရာသီသုံးရာသီလုံး (နွေ၊ မိုး နှင့် ဆောင်း)တွင် လုံလောက်သော စိုက်ပျိုးရေ ပေးဝေမှုရှိသည်။ အဆိုပါဒေသတွင် ဝင်ငွေတိုးပွားစေရန်အတွက် ကြားသီးနှံစိုက်ပျိုးသည့်စနစ်ကိုလည်း ကျင့်သုံးကြပါသည်။

ကွမ်းရွက်စိုက်ပျိုးခြင်းသည် လုပ်ကွက်ငယ် တောင်သူလယ်သမားများအတွက် လုပ်အားနှင့် ဝင်ငွေရစေမည့် သင့်လျော်သော စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်သည်။ ပွင့်ဖြူမြို့နယ်ရှိ ဒေးဒရဲ၊ ဝဲဒေါင်၊ သမန်းရင်း နှင့် မုန်းချောင်းကျေးရွာများမှ ဒေသခံများသည် ၎င်းတို့၏ စားဝတ်နေရေး အတွက် ဤလုပ်ငန်းကို မှီခိုအားထားနေရပါကြောင်း သိရှိရသည်။

ဖုန်းမြတ်ဝင်းမောင်မောင်
Global New Light of Myanmar




# တိုင်းဒေသကြီး/ပြည်နယ်အလိုက် သီးနှံလက်ကားဈေးနှုန်းများ (၃၁-၁-၂၀၂၅)

| စဉ် | သီးနှံအမည် | ယူနစ် | | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | စစ်ကိုင်း | ဧရာဝတီ | တနင်္သာရီ | ကရင် | ရှမ်း(တောင်) |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေတွက်ပုံ | တစ်ယူနစ် ပမာဏ | | | | | | | | | |
| | | | | | | စပါး | | | | | | |
| ၁ | မနောသုခ | တင်း | ၄၆ ပေါင် | ၂၅,၅၀၀ | ၁၉,၀၀၀ | ၂၁,၀၀၀ | | ၂၆,၀၀၀ | ၁၉,၅၀၀ | ၂၂,၀၀၀ | ၁၈,၅၀၀ | |
| ၂ | ဆင်းသုခ | တင်း | ၄၆ ပေါင် | ၂၅,၅၀၀ | ၁၉,၀၀၀ | ၂၁,၀၀၀ | | ၂၆,၀၀၀ | ၁၉,၅၀၀ | ၂၀,၀၀၀ | ၁၉,၀၀၀ | |
| ၃ | ဧရာမင်း | တင်း | ၄၆ ပေါင် | ၃၂,၀၀၀ | ၂၄,၀၀၀ | ၃၂,၀၀၀ | | ၃၆,၀၀၀ | ၂၁,၅၀၀ | ၂၀,၃၃၃ | ၂၃,၀၀၀ | |
| ၄ | ပေါ်ဆန်းမွှေး | တင်း | ၄၆ ပေါင် | ၄၀,၀၀၀ | ၂၇,၀၀၀ | | | ၄၂,၀၀၀ | | ၂၁,၅၀၀ | ၂၅,၀၀၀ | |
| | | | | | | အခြားနှံစားသီးနှံ | | | | | | |
| ၅ | အစေ့ထုတ်ပြောင်း | တင်း | ၁၈ ပိဿာ | ၁၈,၀၀၀ | | ၂၁,၀၀၀ | | ၁၈,၀၀၀ | ၂၂,၀၀၀ | | ၂၄,၀၀၀ | ၃၀,၀၀၀ |
| | | | | | | ပဲမျိုးစုံ | | | | | | |
| ၆ | မတ်ပဲ | တင်း | ၁၉.၄၄ ပိဿာ | ၁၁၀,၀၀၀ | ၉၇,၀၀၀ | ၉၇,၀၀၀ | | ၈၅,၀၀၀ | ၉၂,၅၀၀ | ၈၅,၈၃၃ | ၇၂,၀၀၀ | ၆၀,၀၀၀ |
| ၇ | ပဲတီစိမ်း | တင်း | ၁၉.၄၄ ပိဿာ | ၆၀,၀၀၀ | ၈၄,၀၀၀ | ၆၃,၀၀၀ | | ၅၃,၀၀၀ | ၇၁,၀၀၀ | ၆၁,၁၆၇ | ၇၃,၀၀၀ | ၆၀,၀၀၀ |
| ၈ | ပဲစင်းငုံ | တင်း | ၁၉.၄၄ ပိဿာ | ၉၅,၀၀၀ | | ၁၁၃,၀၀၀ | | ၈၅,၀၀၀ | | ၁၂၀,၅၀၀ | | ၇၀,၀၀၀ |
| ၉ | ကုလားပဲ (လုံးသေး) | တင်း | ၁၈.၆၃ ပိဿာ | ၉၀,၀၀၀ | | ၉၈,၀၀၀ | | ၇၉,၀၀၀ | ၄၉,၀၀၀ | | | ၇၅,၀၀၀ |
| ၁၀ | ကုလားပဲ (လုံးကြီး) | တင်း | ၁၈.၆၃ ပိဿာ | ၉၀,၀၀၀ | | ၁၀၆,၀၀၀ | | ၉၀,၀၀၀ | ၄၉,၅၀၀ | | | ၉၀,၀၀၀ |
| ၁၁ | ကုလားပဲ (ခြမ်း) | ပိဿာ | | ၆,၅၀၀ | ၆,၇၀၀ | | | ၆,၀၀၀ | ၇,၀၀၀ | ၆,၇၅၀ | ၈,၀၀၀ | ၇,၅၀၀ |
| ၁၂ | ပဲပုတ် | တင်း | ၁၉.၄၄ ပိဿာ | | | ၆၉,၀၀၀ | | ၆၂,၀၀၀ | | | ၅၆,၀၀၀ | ၆၈,၀၀၀ |
| | | | | | | ဆီထွက် | | | | | | |
| ၁၃ | နှမ်းနက် | တင်း | ၁၄.၈၅ ပိဿာ | | | ၁၂၃,၀၀၀ | | ၁၀၃,၀၀၀ | ၇၄,၀၀၀ | ၁၂၄,၅၀၀ | ၉၂,၀၀၀ | ၁၅၅,၀၀၀ |
| ၁၄ | နှမ်းနီ | တင်း | ၁၄.၈၅ ပိဿာ | | | ၁၀၅,၀၀၀ | | ၉၈,၀၀၀ | | | | ၁၂၅,၀၀၀ |
| ၁၅ | နှမ်းဖြူ | တင်း | ၁၄.၈၅ ပိဿာ | | | ၁၂၅,၀၀၀ | | ၁၁၀,၀၀၀ | | | | ၁၃၀,၀၀၀ |
| ၁၆ | မြေပဲ(အဆန်) | ပိဿာ | | | ၇,၀၀၀ | ၇,၅၀၀ | | ၆,၀၀၀ | ၈,၇၀၀ | ၈,၁၃၃ | | ၁၂,၅၀၀ |
| ၁၇ | မြေပဲ(အတောင့်) | တင်း | ၆.၇၅ ပိဿာ | | ၃၀,၀၀၀ | ၂၂,၀၀၀ | | ၂၈,၀၀၀ | | | | ၄၀,၀၀၀ |
| ၁၈ | နေကြာ | တင်း | ၈.၆၄ ပိဿာ | | | ၄၇,၀၀၀ | | ၄၄,၀၀၀ | | | | ၄၂,၀၀၀ |
| | | | | | | စက်မှုကုန်ကြမ်းသီးနှံ | | | | | | |
| ၁၉ | ဝါ(ချည်မျှင်တို) | ပိဿာ | | | | ၂,၆၀၀ | | ၁,၈၀၀ | | | | |
| ၂၀ | ဝါ(ချည်မျှင်ရှည်) | ပိဿာ | | ၂,၇၀၀ | | ၃,၀၀၀ | | ၂,၅၀၀ | | | | ၄,၂၀၀ |
| ၂၁ | ချက်ကြံ | တန် | | ၁၃၀,၀၀၀ | | | | ၄၈,၀၀၀ | | | ၈၀,၀၀၀ | ၅၆,၀၀၀ |
| ၂၂ | စားကြံ | တန် | | | | | | | | ၁၁၂,၀၀၀ | | |
| | | | | | | ဆန် | | | | | | |
| ၂၃ | မနောသုခ(ဆန်) | အိတ် | ၃၀ ပိဿာ | ၈၀,၀၀၀ | ၈၅,၀၀၀ | ၁၀၃,၀၀၀ | ၈၀,၀၀၀ | ၁၀၀,၀၀၀ | ၇၅,၀၀၀ | ၈၁,၇၅၀ | ၈၄,၀၀၀ | |
| ၂၄ | ဆင်းသုခ(ဆန်) | အိတ် | ၃၀ ပိဿာ | ၈၀,၀၀၀ | ၈၀,၀၀၀ | | ၈၀,၀၀၀ | ၁၀၅,၀၀၀ | ၇၅,၀၀၀ | ၈၂,၈၃၃ | ၈၄,၀၀၀ | |
| ၂၅ | ဧရာမင်း(ဆန်) | အိတ် | ၃၀ ပိဿာ | ၁၄၀,၀၀၀ | ၉၅,၀၀၀ | ၁၆၀,၀၀၀ | ၁၂၅,၀၀၀ | ၁၄၈,၀၀၀ | ၈၅,၀၀၀ | ၈၈,၈၃၃ | ၈၇,၀၀၀ | |
| ၂၆ | ပေါ်ဆန်းမွှေး(ဆန်) | အိတ် | ၃၀ ပိဿာ | ၁၅၅,၀၀၀ | ၁၀၀,၀၀၀ | | | ၁၇၀,၀၀၀ | | ၁၂၂,၈၃၃ | ၁၄၈,၀၀၀ | ၁၇၀,၀၀၀ |
| | | | | | | စားဖိုဆောင်သီးနှံ | | | | | | |
| ၂၇ | ကြက်သွန်နီ(အကြီး) | ပိဿာ | | ၃,၅၀၀ | ၃,၀၀၀ | ၃,၀၀၀ | | ၃,၂၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၅,၅၀၀ | ၄,၅၀၀ |
| ၂၈ | ကြက်သွန်နီ(အလတ်) | ပိဿာ | | ၃,၀၀၀ | ၂,၆၀၀ | ၂,၅၀၀ | | ၂,၃၀၀ | ၃,၀၀၀ | ၂,၈၂၅ | ၄,၅၀၀ | ၃,၅၀၀ |
| ၂၉ | ကြက်သွန်နီ(အသေး) | ပိဿာ | | ၂,၅၀၀ | ၁,၇၀၀ | ၂,၂၀၀ | | ၂,၀၀၀ | ၂,၅၀၀ | ၃,၄၀၀ | ၄,၀၀၀ | ၂,၅၀၀ |
| ၃၀ | ကြက်သွန်ဖြူ(ဗမာ) | ပိဿာ | | ၁၃,၅၀၀ | ၁၆,၀၀၀ | ၁၂,၅၀၀ | | ၁၆,၀၀၀ | ၁၃,၀၀၀ | ၁၀,၄၀၀ | ၁၇,၀၀၀ | |
| ၃၁ | ကြက်သွန်ဖြူ(ရှမ်း) | ပိဿာ | | ၁၈,၀၀၀ | ၁၆,၀၀၀ | ၁၄,၅၀၀ | | ၁၇,၀၀၀ | ၁၃,၀၀၀ | ၁၈,၀၀၀ | | ၁၁,၀၀၀ |
| ၃၂ | ကြက်သွန်ဖြူ(ကြူကုတ်) | ပိဿာ | | | ၉,၅၀၀ | ၁၀,၀၀၀ | | ၁၀,၀၀၀ | | ၁၃,၅၀၀ | | |
| ၃၃ | ငရုတ်အစို(ရှည်) | ပိဿာ | | ၂,၅၀၀ | ၂,၀၀၀ | ၁၄,၀၀၀ | | ၄,၅၀၀ | | ၉,၅၀၀ | ၄,၅၀၀ | ၇,၀၀၀ |
| ၃၄ | ငရုတ်အစို(ပွ) | ပိဿာ | | | ၃,၅၀၀ | ၇,၀၀၀ | | ၈,၀၀၀ | | ၁၉,၅၀၀ | | ၆,၀၀၀ |
| ၃၅ | ငရုတ်အစို(ပီနန်) | ပိဿာ | | | ၇,၀၀၀ | | | ၄,၀၀၀ | | | | ၇,၅၀၀ |
| ၃၆ | ငရုတ်အခြောက်(ရှည်) | ပိဿာ | | ၂၀,၀၀၀ | ၁၀,၀၀၀ | ၂၄,၅၀၀ | | ၁၈,၀၀၀ | ၁၃,၀၀၀ | ၁၃,၆၀၀ | ၁၈,၀၀၀ | ၁၃,၀၀၀ |
| ၃၇ | ငရုတ်အခြောက်(ပွ) | ပိဿာ | | | ၂၀,၀၀၀ | ၂၇,၀၀၀ | | ၁၈,၀၀၀ | | ၁၈,၂၅၀ | | ၁၂,၀၀၀ |
| ၃၈ | ငရုတ်အခြောက်(ပီနန်) | ပိဿာ | | | | | | | | ၁၁,၅၀၀ | | ၂၉,၀၀၀ |
| ၃၉ | ခရမ်းချဉ်(ဗမာ) | ပိဿာ | | ၂,၈၀၀ | ၇၀၀ | ၃,၅၀၀ | | ၁,၀၀၀ | ၂,၅၀၀ | ၃,၂၀၀ | ၂,၇၅၀ | ၂,၂၀၀ |
| ၄၀ | ခရမ်းချဉ်(ရှမ်း) | ပိဿာ | | ၁,၅၀၀ | | ၁,၇၅၀ | | ၂,၀၀၀ | ၂,၀၀၀ | ၃,၅၀၀ | | ၁,၇၀၀ |
| ၄၁ | အာလူး | ပိဿာ | | ၃,၅၀၀ | ၂,၉၀၀ | ၃,၈၀၀ | | ၃,၅၀၀ | ၄,၀၀၀ | ၃,၄၅၀ | ၃,၀၀၀ | ၃,၆၀၀ |
| | | | | | | ဆီ | | | | | | |
| ၄၂ | မြေပဲဆီ | ပိဿာ | | ၁၆,၀၀၀ | ၁၅,၀၀၀ | ၁၆,၀၀၀ | | ၁၃,၀၀၀ | ၁၆,၀၀၀ | ၁၇,၀၀၀ | ၁၆,၀၀၀ | ၁၃,၀၀၀ |
| ၄၃ | နှမ်းဆီ | ပိဿာ | | ၁၆,၀၀၀ | | ၁၄,၅၀၀ | | ၁၂,၀၀၀ | | ၁၄,၅၀၀ | ၁၇,၀၀၀ | ၁၃,၅၀၀ |
| ၄၄ | နေကြာဆီ | ပိဿာ | | ၁၅,၀၀၀ | ၁၄,၀၀၀ | ၁၁,၀၀၀ | | ၁၂,၀၀၀ | | ၁၅,၇၅၀ | | ၁၄,၀၀၀ |
| ၄၅ | ပဲပုတ်ဆီ | ပိဿာ | | | | ၇,၅၀၀ | | ၁၁,၀၀၀ | | ၁၁,၀၀၀ | ၁၁,၀၀၀ | ၁၂,၅၀၀ |
| ၄၆ | စားအုန်းဆီ | ပိဿာ | | ၇,၀၀၀ | | ၉,၀၀၀ | | ၇,၅၀၀ | ၇,၅၀၀ | ၇,၆၀၀ | ၉,၀၀၀ | ၉,၅၀၀ |
| ၄၇ | ဝါစေ့ဆီ | ပိဿာ | | | | ၇,၀၀၀ | | | | | | |

## သဘာဝကပေးအစာနှင့်ဆေး

# ပတဲကော

ကြေးမုံငယ်



ပတဲကောပင်သည် ချင်းနှင့် နနွင်းတက်တို့ကဲ့သို့ အာယုဗေဒဆေးပညာရပ် အရရော တရုတ်တိုင်းရင်းဆေး ပညာရပ်အရပါ ဆေးဖက်ဝင် ပရဆေးပင်အဖြစ် အဓိကအသုံးပြုကြသည့် ဟင်းခတ်အမွှေးအကြိုင်တစ်မျိုးဖြစ်၏။ ပတဲကောတွင် ပတဲကောကြီးနှင့် ပတဲကောလေး ဟူပြီး နှစ်မျိုးရှိရာ ယခုအမျိုးအစားမှာ မြန်မာနိုင်ငံတွင် ပတဲကောကြီးဟုလည်း လူသိများကြပြီး ဟင်းခတ်အမွှေးအကြိုင်အဖြစ် အဓိက အသုံးပြုလေ့ရှိကြ၏။ ယင်း၏ အင်္ဂလိပ်အမည်မှာ Galangal ဟု လူသိများပြီး blue ginger, lengkuas နှင့် greater galanga ဟုလည်းခေါ်ဆိုကြ၏။ သိပ္ပံအမည်မှာ *Alpinia galanga* ဖြစ်ကာ မျိုးရင်း *Zingiberaceae* တွင် ပါဝင်၏။ ပတဲကောပင်သည် တောင်နှင့် အရှေ့တောင်အာရှနိုင်ငံများတွင် စတင်ဖြစ်ထွန်း ပေါက်ရောက်ပြီး ထိုမှတစ်ဆင့် ထိုမှတစ်ဖန် အရှေ့တောင်အာရှရှိ ဗီယက်နမ်၊ မြန်မာ၊ လာအိုတို့အပါအဝင် အထူးသဖြင့် ထိုင်းနိုင်ငံသို့ ပျံ့နှံ့ပေါက်ရောက်၏။ ယင်းနောက် အရှေ့တောင်အာရှကျွန်းနိုင်ငံများ အထူးသဖြင့် အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် ကျယ်ကျယ် ပြန့်ပြန့် စိုက်ပျိုးလာခဲ့ကြရာ ယနေ့ထိတိုင်ဖြစ်၏။

ပတဲကောသည် မြန်မာနိုင်ငံအနှံ့အပြားတွင် သဘာဝအလျောက်ဖြစ်ထွန်းသည့် သဘာဝပေါက်ပင်မျိုးဖြစ်၏။ အမြဲစိမ်းအပင်ငယ်မျိုး ဖြစ်ပြီး အမြင့်ပေ ၈ ပေခန့်အထိ ရှင်သန်ကြီးထွားနိုင်၏။ ရွက်ယောင်ပင်စည်မျိုးဖြစ်ပြီး အပင်ထောင်မတ်၏။ ပင်စည်လုံးမာပြီး ချောမွတ်ဖြောင့်တန်း၏။ အရွက်များမှာ တစ်ပေကျော်ခန့်ရှိပြီး ပင်စည်လုံးအားပတ်ပြီး ရွက်လွှဲထွက်၏။ ရွက်ပြားကျဉ်းပြီး ရွက်ရင်းသွယ်ကာ ရွက်ထိပ်သို့ ချွန်သွယ်၏။ ရွက်ညာတို၏။ ရွက်လယ်ကြောထင်ရှားပြီး မြောင်းပါ၏။ အရွက်မျက်နှာပြင်နှစ်ဖက်လုံး ချောမွေ့ပြီး ရွက်နားညီ၏။ အပွင့်သေးငယ်ပြီး အဖြူရောင်တွင် နီညိုစင်းကလေးများရှိ၏။ အမြစ်မှာ ဥပုံသဏ္ဍာန်ဖြစ်ပြီး နနွင်းတက်နှင့် ဆင်တူ၏။ အမြေးဖတ်များဖြင့် ဖုံးအုပ်ထား၏။ မြစ်မွှာနည်း၏။

ပတဲကောပင်၏ ရနံ့မွှေးကြိုင်ပြီး ပူစပ်ခါးအရသာရှိသော ဥမြစ်ကို အစိမ်းအတိုင်းသော်လည်းကောင်း၊ ဥမြစ်ကို အကွင်းလိုက် ပါးပါးလှီး၊ အခြောက်လှန်းပြီး အမှုန့်ပြုလုပ်ကာ မွှေးအကြိုင်အဖြစ်သော်လည်းကောင်း၊ ပရဆေး အဖြစ်လည်းကောင်းအသုံးပြုကြ၏။ ပတဲကောမြစ်သည် အစာစွမ်းအင်ပမာဏ နည်းပါးပြီး ယင်းကို အစာကြေဆေး၊ အအေးမိဖျားနာပျောက်ဆေး၊ ပွေးယားနာ သက်သာစေရန်တို့အတွက် ဆေးဖက်ဝင်တိုင်းရင်းဆေးအဖြစ် လွန်ခဲ့သည့်ရှေးနှစ်ပေါင်း များစွာကတည်းကပင် အသုံးပြုလာခဲ့ကြ၏။

ပတဲကောဥမြစ်တွင်ပါဝင်သည့် galangin ဟုခေါ်သည့် မွှေးရနံ့သည် အဏုဇီဝပိုးမွှားများကို တိုက်ဖျက်နိုင်စွမ်း၊ ကိုယ်လက်ရောင်ရမ်း နာကျင်ခြင်းကို ဆန့်ကျင်နိုင်စွမ်း၊ မှိုရောဂါများကို တိုက်ဖျက်နိုင်စွမ်း၊ အဖုအကျိတ်များကို ချေဖျက်နိုင်စွမ်းနှင့် အစာအိမ်ကို ကာကွယ်အားဖြည့်ပေးနိုင်စွမ်း အစရှိသည့် အစွမ်းသတ္တိကောင်းများရှိ၏။

တရုတ်ရိုးရာတိုင်းရင်းဆေးပညာရပ်အရ ပတဲကောသည် ခန္ဓာကိုယ် တွင်းရှိ မကောင်းသော စိတ်အညစ်အကြေးများကို ဖယ်ရှားနိုင်ရန် အထောက်အကူပြုပေးနိုင်ခြင်း၊ အအေးမိဝေဒနာကို သက်သာစေခြင်းနှင့် အစာအိမ်နာကျင်ခြင်းကို သက်သာစေခြင်းတို့ အတွက် အကောင်းဆုံးသော သဘာဝဆေးဝါးအဖြစ် အသုံးပြုကြ၏။

ပတဲကောဥမြစ်တွင်ခန္ဓာကိုယ်ကျန်းမာရေးအတွက် အဓိက လိုအပ်သည့် ဗီတာမင် ဘီတူး၊ ဘီဖိုက်၊ ဘီစစ်၊ ဗီတာမင်စီတို့ပါဝင်ပြီး သတ္တုဓာတ်များအနေဖြင့် သံဓာတ်၊ ပိုတက်စီယမ်၊ မဂ်ဂနိစ်၊ ကြေးနီဓာတ်၊ ဆီလီနီယမ်နှင့် မဂ်ဂနီစီယမ်တို့ ပါဝင်သည့်အတွက် အသားအရေနှင့် ဆံကေသာ လုပကျန်းမာရေးကို အထောက်အကူပြုစေ၏။

ပတဲကောပန်းပွင့် ၁၀၀ ဂရမ်တွင် အစာစွမ်းအင် ၂၇ ကီလိုကယ်လိုရီ ပါဝင်ပြီး ပရိုတင်း၊ ကာဘိုဟိုက်ဒရိတ်၊ အမျှင်ဓာတ်၊ အဆီဓာတ်၊ ပိုတက်စီယမ် နှင့် ကယ်လ်စီယမ်တို့ကြွယ်ဝစွာပါဝင်၏။

ပတဲကောတွင် ဓာတ်တိုးဆန့်ကျင်စေသည့်ပစ္စည်းများစွာ ပါဝင်ပြီး အဏုဇီဝပိုးများကို တိုက်ဖျက်နိုင်စွမ်း၊ ကိုယ်လက်ရောင်ရမ်းနာကို သက်သာစေနိုင်စွမ်း၊ ကိုယ်ခံစွမ်းအားကို မြှင့်တင်နိုင်စွမ်း၊ ဆီးချိုရောဂါဖြစ်ပွားနိုင်ချေကို ကာကွယ်ပေးနိုင်စွမ်း၊ အသည်းကျန်းမာရေးကို ကောင်းမွန်နိုင်စွမ်း၊ ယားနာ ဖြစ်ခြင်းမှ သက်သာစေနိုင်စွမ်း၊ ကင်ဆာရောဂါဖြစ်ပွားနိုင်မှုကို ဟန့်တားနိုင်စွမ်း၊ သွေးပျစ်ခဲခြင်းမှ ကာကွယ်နိုင်စွမ်းနှင့် အစာကြေစေနိုင်စွမ်းတို့ကို ပေးနိုင်သည့် ဂုဏ်သတ္တိတို့ရှိ၏။

ပတဲကောကို ပုံမှန်စားသုံးပေးခြင်းဖြင့် ဆီးချိုအမျိုးအစား ၂ နှင့် နှလုံးရောဂါဖြစ်ပွားနိုင်ချေကို ဟန့်တားနိုင်၏။ ထိုမျှသာမက မှတ်ဉာဏ်အားကို ကောင်းစေခြင်း၊ အသက်အရွယ်အရ ဦးနှောက်မှတ်ဉာဏ်အား လျော့နည်းစေခြင်းကို တားဆီးစေနိုင်ခြင်း၊ အမျိုးသားများ မျိုးဆက်သစ် တိုးပွားခြင်းကို အားပေးစေသည့် သုက်ပိုးအရေအတွက်တိုးစေခြင်းနှင့် သန္ဓေအောင်နှုန်းမြင့်တက်စေရန် အားပေးခြင်း၊ အဖျားရောဂါများကို သက်သာစေနိုင်ခြင်း၊ ပျို့အန်လိုစိတ်ကို ထိန်းပေးနိုင်ခြင်း၊ အဆစ်အမြစ်ရောင်ရမ်းနာကို သက်သာစေခြင်း၊ အသက်ရှူ လမ်းကြောင်း ဆိုင်ရာ ရောဂါများ ဖြစ်ပွားနိုင်ချေကို ဟန့်တားပေးခြင်း၊ မှိုကြောင့်ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါများကို တားဆီးပေးနိုင်ခြင်း၊ အသားအရေနှင့် ဆံကေသာကို ကျန်းမာစေခြင်း အစရှိသည့် ကျန်းမာရေး အကျိုးကျေးဇူးကောင်းများကို ပေးစွမ်းနိုင်၏။

ပတဲကောမှ ထုတ်ယူရရှိသည့် ရနံ့မွှေးဆီသည် အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများဖြစ်သည့် အအေးမိ၊ လည်ချောင်းနာ၊ ချောင်းဆိုးခြင်း တို့အတွက် လည်းကောင်း၊ ပန်းနာရင်ကြပ်ရောဂါ အတွက်လည်းကောင်း သက်သာစေရန် သဘာဝရနံ့မွှေးကုထုံးအဖြစ် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက အသုံးပြုခဲ့ကြ၏။

ပတဲကောသည် အိမ်တိုင်း၏ စားဖိုဆောင်တွင် အဆင်သင့် ရှိတတ်သည့် ဟင်းခတ်အမွှေးအကြိုင်မျိုး မဟုတ်သော်လည်း ဈေးထဲ၊ စူပါမားကက်များထဲတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်သည့် စားဖိုဆောင် ဟင်းခတ် အမွှေးအကြိုင် တစ်မျိုးဖြစ်၏။

လတ်လတ်ဆတ်ဆတ် တူးဖော်ထားသည့် ပတဲကော ဥမြစ်နုနုလေးများကို သန့်စင်အောင်ရေဆေးပြီးလျှင် ငပိရည်ကျို၊ ငပိသုပ်၊ ခရမ်းချဉ်သီးထောင်း၊ အသီးအရွက်သုပ်များနှင့်အတူ တွဲဖက်ပြီး စားသုံးလေ့ရှိကြ၏။ မွှေးမွှေးလေးနှင့် ခံတွင်းမြိန်စေ၏။

ပတဲကောဥမြစ်နုနုလေးများကို ငပိထောင်းသည့်အခါတွင်လည်း ထည့်ထောင်းတတ်ကြ၏။

အရွယ်ရင့်နေပြီဖြစ်သည့် ပတဲကောဥမြစ်များကို မညက်တညက် ထောင်းထုပြီးလျှင် စွပ်ပြုတ်ရည်များ ချက်ပြုတ်ရာတွင် ထည့်သွင်းအသုံးပြုကြ၏။

ရခိုင်ရိုးရာမုန့်တီ(အာပူ လျှာပူ) ဆိုလျှင် လူတိုင်းကြိုက်နှစ်သက်ကြသည့်

စာ-၁၉ သို့







စာ-၉ မှ

လက်ရှိတင်ပို့သည့် အုန်းသီး အများစုမှာ အာဖရိကဒေသမှ ဖြစ်ကြောင်း၊ အိန္ဒိယဒေသထွက် အသီးအနှံများသည် အနည်းငယ် ပိုမို၍ ဈေးကြီးသော်လည်း နှစ်စဉ် ဈေးကွက်ဝေစု ပိုမိုရရှိနေရသည့် အကြောင်းအရင်းမှာ ကုန်စည် ရောက်ရှိချိန်၌ ၎င်း၏ ကောင်းမွန်သည့်အရည်အသွေးကို ထိန်းသိမ်းထားနိုင်ခြင်းကြောင့် ဖြစ်ကြောင်း၊ နောက်ထပ်အကြောင်းအရင်း တစ်ရပ်မှာ အိန္ဒိယ နှင့် ဥရောပဆိပ်ကမ်းများဖြစ်သည့် ရော်တာဒမ် နှင့် ဘာစီလိုနာကဲ့သို့ ဆိပ်ကမ်းအများစုသို့သာမန်အခြေအနေ၌ တင်ပို့ချိန်သည် ပုံမှန်အားဖြင့် ၂၀-၂၅ ရက်ခန့်သာ ကြာမြင့်ပြီး ကုန်ကျစရိတ်မှာ သင့်တော်သောကြောင့် ဖြစ်ကြောင်း Khakhar က ပြောကြားသည်။

ဥရောပသို့ အုန်းသီးများတင်ပို့ခြင်းသည် တင်ပို့ချိန်နှင့် ကုန်ကျစရိတ်ကဲ့သို့ စိန်ခေါ်မှုများနှင့် မဖြစ်မနေ ရင်ဆိုင်ရမည်ဖြစ်ပြီး ပင်လယ်နီအတွင်း ပြဿနာများသည် ကြီးမားသောသက်ရောက်မှု များစွာကို ဖြစ်စေခဲ့ကြောင်း၊ ပထမဦးစွာ သင်္ဘော အများစုသည် ဂွတ်ဟုပ်အငူကို ဖြတ်သွားသောကြောင့် ပျမ်းမျှအားဖြင့် ဖြတ်သန်းချိန်သည် ၁၀ ရက်ပိုကြာကြောင်း၊ ဒုတိယအနေဖြင့် ဤလမ်းလွှဲသည့် သင်္ဘောလိုင်းများအတွက် ကုန်ကျစရိတ်ပိုများပြီး ပုံမှန်ကုန်ကျစရိတ်ထက် ၃-၄ ဆ အထိရှိကြောင်း၊ နောက်ဆုံးတွင် သင်္ဘောများသွားလာမှုနည်းလာပြီး ယခုအခါ ၎င်းလမ်းကြောင်းမှ သွားလာသော သင်္ဘောများ အလွန်ရှားပါးလာကြောင်းသိရှိရသည်။

ဟေမန်အောင်မင်း

Fresh Plaza website(၃၀-၁-၂၄)

စာ-၁၈ မှ

ရခိုင်ရိုးရာအစားအစာတစ်မျိုးဖြစ်ပြီး ထိုဟင်းရည်ချက်သည့်အခါတွင် ပတဲကောသည် မပါမဖြစ်သည့် ဟင်းခတ်အမွှေးအကြိုင်အဖြစ် ထည့်သွင်း အသုံးပြုကြ၏။

ပတဲကောဥမြစ်နုနုလေးများကို ကြက်သွန်ဖြူ၊ ချင်း၊ နနွင်းတက်တို့နှင့် အတူရောထောင်းပြီး ရရှိလာသော အနှစ်ကို အရည်ညှစ်ယူပြီး အသား၊ ငါး၊ ပုစွန်တို့နှင့်အတူ ရောနယ်နှပ်ထားပြီးမှ ကြော်လှော်ချက်ပြုတ်လေ့ရှိကြ၏။

ထိုင်းလူမျိုးများ၏ တုန်ယမ်းဟင်းချိုချက်ပြုတ်သည့်အခါ ပတဲကောဥမြစ်သည် မပါမဖြစ် ထည့်သွင်းရသည့် ဟင်းခတ်အမွှေးအကြိုင် တစ်မျိုးဖြစ်၏။

ပတဲကောပန်းပွင့်များကိုလည်း အသုပ်များပြင်ဆင်ပြုလုပ်ရာတွင် ထည့်သွင်းစားသုံးလေ့ရှိကြ၏။

ပတဲကောသီးလေးများ ရင့်မှည့်လာသည့်အခါ အနီရောင်သို့ ပြောင်းလဲသွားပြီး ထိုအသီးလေးများကို ဟင်းခတ်အမွှေးအကြိုင်အဖြစ် အသုံးပြုကြသည်။ ယင်းသည်ဖာလာစေ့ကဲ့သို့ပင် မွှေးရနံ့ရှိ၏။

ထိုင်ဝမ်နိုင်ငံတွင် ပတဲကောပင်၏ အရွက်ကို ကလေးသူငယ်များ ရိုးရာကစားစရာအရုပ်လေးများပြုလုပ်ရန် အတွက် အဓိကအသုံးပြုကြ၏။



ပတဲကောဥမြစ်ကို မိမိတို့ အိမ်ခြံဝင်းအတွင်း မြေပိုလေးတွင် စိုက်ပျိုးထားလျှင်ဖြစ်စေ၊ တိုက်ခန်း (သို့မဟုတ်) အဆောင်နေသူများအနေဖြင့် ပန်းအိုးထဲတွင် စိုက်ပျိုးထားခြင်းဖြင့် မိမိချက်ပြုတ်လိုသည့် ဟင်းလျာအလိုက်၊ ဆေးဝါးအဖြစ် အသုံးပြုလိုသည့်အချိန်တွင် အဆင်သင့်တူးဖော်ပြီးလတ်လတ်ဆတ်ဆတ် စားသုံးနိုင်သလို တစ်ပိုင်တစ်နိုင်ပရဆေးဥယျာဉ်ခြံလေးအဖြစ်လည်း ဖန်တီးနိုင်၏။

သဘာဝတရား၏ လက်ဆောင်မွန် ပတဲကောပင်မှ ရရှိသည့် အစိတ်အပိုင်းများကိုအမြတ်တနိုးတန်ဖိုးထားပြီး ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင် စားသုံး ခြင်းဖြင့် ကုန်ကျစရိတ်သက်သာစေပြီး ကျန်းမာရေး အကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။

ကြေးမုံငယ်

စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ
ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့်
ဈေးကွက်ရရှိစေရန်
စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း
ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ်
ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ်
တို့ကို လိုက်နာကျင့်သုံးပါ။

ကျောဖုံးမှ-

ထို့ကြောင့်ကသမြင်ငါးသည် အသားရော စည်ဖေါင်းပါ အသုံးဝင်လှသော တန်ဖိုးကြီးရှားပါးငါးဖြစ်ပါသည်။

## ငါးစည်ဖေါင်း စားဖွယ်စုံနှင့် ဆေးဘက်ဝင်ပုံ

ငါးစည်ဖေါင်းပါသော စားသောက်ကုန်များသည် အသားဓာတ် (protein) ကြွယ်ဝစွာ ပါရှိကြပါသည်။ ငါးစည်ဖောင်းကို ရေဒဏ်တောင့်တင်းစွာခံနိုင်သော ကော်အဖြစ်လည်း အသုံးပြု၍ ရပါသည်။ တရုတ်လူမျိုးများသည် ငါးစည်ဖေါင်းကို စွပ်ပြုတ်အဖြစ်စားသုံးကြပြီး ဟင်းသီးဟင်းရွက်နှင့်ရောကာ စည်ဖောင်းနှပ်၊ စည်ဖောင်းကြော်၊ စည်ဖောင်းသုပ်ဟူ၍လည်းပြုလုပ်စားကြသည်။

မြန်မာနိုင်ငံတွင်လည်း ပင်လယ်ပိုင်းဒေသများ၌ အလျှအတန်းပြုလုပ်ပါက ငါးစည်ဖေါင်းသုပ်ကို ကျွေး မွေးလေ့ရှိကြသည်။ ငါးရောင်၊ ငါးထွေ အစရှိသော ငါးမျိုးစိတ်များမှ ရရှိသော စည်ဖောင်းများဖြစ်သောကြောင့် ငါးစည်ဖောင်းသုပ်ကိုစားရာတွင် စီးစီးပိုင်ပိုင်ရှိပြီး ဝါးရာ၌ ထုတ်ထုတ်လေးနှင့် အရသာထူးလှသော ပင်လယ်စာ ဟင်းလျာတစ်မျိုး ဖြစ်ပေသည်။

ငါးခြောက်လုပ်ရန်အတွက် ငါးကိုခွဲသောအခါ ငါးစည်ဖေါင်းများကို သီးခြားဖယ်ထားပြီး နေလှန်းကာ ခြောက်သွေ့ပါက နှစ်ပေါက်အောင် သိမ်းဆည်းစုဆောင်းထားပြီးနောက် ဈေးကောင်းကောင်းနှင့် ပြန်လည်ရောင်းချကြပါသည်။စည်ဖေါင်းကို မြန်မာလူမျိုးတို့သည် အများအားဖြင့် သုပ်စားကြသဖြင့် ပြုလုပ်နည်းလေးကို ဖော်ပြပေးပါမည်။

ငါးစည်ဖေါင်းသုပ် ပြုလုပ်ရာတွင် -

ငါးစည်ဖေါင်းခြောက်၊ ကြက်သွန်ဖြူ/ နီ၊ ဆီအနည်းငယ်၊ ငံပြာရည်၊ ပဲမှုန့် ၊ ငရုတ်သီးစိမ်း၊ ရှောက်ရွက်၊ နံနံပင်၊ သံပုရာသီးတို့ လိုအပ်ပါသည်။

၁။ ပထမဦးစွာ ငါးစည်ဖေါင်းခြောက် နို့ဆီဘူး ၁ လုံးစာကို ဒယ်အိုးတွင် မီးအေးအေးနှင့်ကျက်အောင် လှော်ရပါမည်။

၂။ ပြီးနောက် လှော်ထားသော စည်ဖောင်းကို ပွလာအောင် ၁၀ မိနစ်ခန့် ရေစိမ်ထားရပါမည်။

၃။ ရေစိမ်ပြီးနောက် ရေစစ်ပြီးပါက စည်ဖောင်းများကို ကတ်ကြေးဖြင့် အနေတော် အချောင်းလေးများဖြတ်ရပါမည်။

၄။ ထို့နောက် လှီးဖြတ်ထားသော စည်ဖောင်းခြောက်ကို ဆီအနည်းငယ်၊ ကြက်သွန်ဖြူ၊ ကြက်သွန် နီ ပါးပါးလှီး၊ ပဲမှုန့်၊ ငံပြာရည်၊ သံပုရာရည်၊ ငရုတ်သီးစိမ်းတို့ဖြင့် ရောနယ်ပြီး ရှောက်ရွက်နှင့် နံနံပင်လေးဖြူးပြီးလျှင် သုံးဆောင်၍ ရပါပြီ။ ရှောက်ရွက်နံ့လေးသင်းနေပြီး သံပုရာရည် ညှစ်ထားသော ငါးစည်ဖေါင်းသုပ်မှာ အရသာထူးလှသောကြောင့် စားဖူးသူတိုင်းနှစ်သက်ကြသော ပင်လယ်စာတစ်မျိုး ဖြစ်ပေသည်။

ငါးစည်ဖေါင်းကိုစားသုံးခြင်းဖြင့် အရွယ်တင်နုပျိုစေပြီး နှလုံးနှင့် သက်ဆိုင်သော ရောဂါများ အတွက် အကျိုးပြုပြီး သက်ကြီးရွယ်အိုများ နှင့် ကိုယ်ဝန်ဆောင်မိခင်များ အတွက်လည်း သင့်တော်သည်ဟု ဖတ်မှတ်ရဖူးပါသည်။ထို့ကြောင့် စာဖတ်သူများ ဗဟုသုတရရှိစေရန် အလို့ငှာ တန်ဖိုးကြီးရှားပါးကသမြင်ငါး နှင့် ဆေးဘက်ဝင် ငါးစည်ဖေါင်းများ အကြောင်းကို လေ့လာရေးသား လိုက်ရပါသည်။

ပင်လယ်ပြာ(ငါးဦးစီး)







# တန်ဖိုးကြီးရှားပါး ကသမြင်ငါးနှင့် ဆေးဖက်ဝင် ငါးစည်ဖောင်းများ

ပင်လယ်ပြာ(ငါးဦးစီး)

ကသမြင်ငါးသည် ငါးပုတ်သင် (ခေါ်) ငါးပျက်အုပ်စုဝင် (Sciaenid fish) များ ဖြစ်ကြပြီး ကမ်းရိုးတန်းရေပြင်၊ ပင်လယ်အော်၊ မြစ်ဝနှင့် ကမ်းဦးရေတိမ်ပိုင်းတို့တွင် နေထိုင်လေ့ရှိကြပါ သည်။ ယင်းငါးသည် အင်္ဂလိပ်အမည်အားဖြင့် Chinese Bahaba (or) Yellow Croaker ဟု ခေါ်ဆိုကြပြီး သိပ္ပံအမည်မှာ Bahaba Taipingensis ဖြစ်ပါသည်။

ကသမြင်ငါးအပါအဝင် Sciaenid fish များ၏ ထူးခြားမှုမှာ ငါးစည်ဖောင်း (swimbladder (or) fish-maw) မှ တစ်ဆင့် ကြွက်သားကို အသုံးပြုကာ အသံထုတ်လုပ်ပေးလေ့ရှိကြပါသည်။ ထို့ကြောင့် ငါးပုတ်သင်/ငါးပျက် အုပ်စုဝင် ငါးများကို “croakers or drums” ဟု တင်စားခေါ် ဝေါ်ကြပါသည်။ ၎င်းအပြင် “meagres or weak fishes” ငါးများဟူ၍လည်း အမည်တွင်ပြန်ပါသေးသည်။

ကသမြင်ငါးအပါအဝင် ငါးပုတ်သင်/ငါးပျက်အုပ်စုဝင်ငါးများသည် ရေအောက်ကြမ်းပြင်နေငါး (demersal fish) များဖြစ်ကြပြီး ရေချိုရေငန်စပ်၊ ရေငန်ပိုင်းတွင် အများဆုံးတွေ့ရပြီး ကမ်းရိုးတန်းရေပြင်၊ ကမ်းခြေအနီးတွင်လည်း တွေ့ရတတ်ပါသည်။ အထူးသဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် မုတ္တမ ပ င် လ ယ် ကွေ့ တို့ တွ င် ကသမြင်ငါးကို ပိုမို တွေ့ရတတ်ပါသည်။ကသမြင်ငါးမှာ အသားစားငါး(carnivorous fish) များဖြစ်ကြပြီး ငါးငယ်နှင့် ကျောရိုးမဲ့ရေသတ္တဝါများကို ၎င်းတို့၏ အစာအဖြစ် စားလေ့ရှိကြပါသည်။

## သိန်းရာချီအဖိုးတန်သော ကသမြင်ငါးစည်ဖောင်းနှင့် အသုံးဝင်ပုံများ

ငါးစည်ဖေါင်းကို အင်္ဂလိပ်လို Swimbladder (or) Air Bladder (or) Fish Maw ဟု ခေါ်ဆိုကြသည်။ ငါးစည်ဖောင်းကို ပင်လယ်ပိုင်းဒေသနှင့် ဆက်စပ်နေသော ကမ်းရိုးတန်း၊ မြစ်ဝကျွန်းပေါ် အစရှိသည့် နေရာဒေသများတွင်သာ တွေ့ရများပါသည်။ ငါးစည်ဖေါင်းသည် အရိုးမာငါးအုပ်စု (Bony Fish) တွင် အများစုပါရှိကြပြီး စည်ဖောင်းအရွယ်အစားနှင့် ငါးအမျိုးအစားအလိုက် တန်ဖိုးကြီးမြင့်ကြပါသည်။

ငါးစည်ဖောင်းမှန်သမျှ ဈေးကောင်းပြီး ဆေးဘက်ဝင်ကြပါသည်။ ငါးစည်ဖောင်းများတွင် ငါးပုတ်သင် (croaker) အုပ်စုဝင်ဖြစ်သော ကသမြင်ငါးမှရသော ငါးစည်ဖောင်းမှာ သိန်းရာချီအဖိုးတန်ပြီး ဆေးဘက်ဝင်ကြပါသည်။

ပင်လယ်အောက်ခြေတွင် တွင်းတူးနေထိုင်သောငါး၊ အရိုးမာငါးတချို့နှင့် အရိုးနုငါးများတွင် ငါးစည်ဖေါင်းများ မပါရှိကြပါ။ အရိုးနုငါး ငါးမန်း၊ ငါးလိပ်ကျောက်များတွင်လည်း လေစည်ဖောင်းမပါရှိကြဘဲ ၎င်းတို့၏အသည်းတွင်ရှိသော အဆီသိုလှောင်မှုသည် ကိုယ်ထည် ပေါ့ပါးကာ ရေအနက်တွင် ထိန်းညှိနိုင်ကာ ရေပေါ် ပေါ်စေနိုင်ပါသည်။

သို့သော် ငါးအများစုသည် ငါးစည်ဖောင်းပါရှိခြင်းကြောင့် ရေမျက်နှာပြင်မှ နက်ရှိုင်းသော ရေအောက်လွှာအထိ ကိုယ်ထည်ကိုထိန်းညှိကာ သွားလာနိုင်ကြသည်။ Drums and Croakers ဟုအမည်တွင်သော ငါးပုတ်သင်/ငါးပျက်အုပ်စုဝင် ငါးများသည် လေစည်ဖောင်းမှ အသံထုတ်ကာ မျိုးတူငါးများအချင်းချင်း ဆက်သွယ်သွားလာကြပါသည်။

ငါးစီဖေါင်းသည် အရိုးမာငါးများကို ရေပေါ်တွင်ပေါ်စေရန်အတွက် ထိန်းချုပ်ပေးခြင်းကို အဓိကဆောင်ရွက်ပေးပါသည်။ ထို့ပြင် ငါးအများစုသည် လေစည်ဖောင်းသွားရမည့် ရေအတိမ်အနက်ကို ဆုံးဖြတ်ကာ အသံကိုထုတ်လွှတ်ခြင်း၊ အသံကိုပြန်ကြားစေခြင်းဖြင့် အကြား အာရုံနှင့် ဆက်နွယ်ပေးကာ သွားလိုရာကို ဆောင်ရွက်ပေးပါသည်။ စည်ဖောင်းပါ ငါးများတွင် စည်ဖောင်းအရွယ်အစားမှာ ရေချိုငါးတွင် ခန္ဓာကိုယ်ထည်၏ ၅% ပမာဏရှိပြီး ရေငန်ငါးတွင် ၇ % ရှိကြသည်။ အချို့ငါးများတွင် ၎င်းထက် ပိုကြီးကြပါသည်။

စည်ဖေါင်းပါရှိသောငါးများတွင် ကသမြင်ငါး၏ စည်ဖေါင်းသည် အ လွ န် တ န် ဖိုး ကြီး လှ သ ည် ။ ကသမြင်ငါးသည်လည်း ရှားပါးငါးမျိုး စိ တ် ဖြ စ် ပြီး ငါး ၏ အ ကော င် အရွယ်အစားသည် ၆ ပေ ခွဲခန့်မျှ ကြီးထွားနိုင်ပြီး အလေးချိန်အားဖြင့် ၁၀၀ ကီလိုဂရမ်ထိ ရှိတတ်ပါသည်။ အရောင်မှာ ရွှေရောင်၊ငွေရောင် နှစ်မျိုးရှိသည်ဟု သိရပြီး ရွှေရောင်မှာ ဈေးပိုရပါသည်။

ထူးခြားမှုမှာ ကသမြင်ငါးကို ကံကောင်းသူများမှသာ ရမိတတ်ပါသည်။ တကူးတကက ရှာဖွေဖမ်းဆီး၍မရတတ်သလို ကံစပ်မှသာ ရမိကြသည်ဟု သိရသည်။ ထို့ကြောင့်လည်း ကသမြင်ငါးကို Lucky ငါးဟု ခေါ်ကြသည်။ ကသမြင်ငါးမှာ ပိုက်တွင်ဖမ်းမိသည်နှင့် တစ်ပြိုင်နက် သေဆုံးကုန်သည်သာများပြီး အရှင်မိဖို့ အလွန်နည်းပါးလှသည်ဟု ဆိုသည်။ ထိုငါးကို ရသော ရေလုပ်သားများမှာလည်း ထီဆုကြီးပေါက်သကဲ့သို့ ပျော်ရွှင်ကြရပါသည်။

ကသမြင်ငါးကို ဖမ်းမိလျှင် စည်ဖေါင်းအနေအထားကိုသိရှိရန် ဝမ်းဗိုက်ကို လက်ဖြင့်စမ်းပြီး စည်ဖေါင်းအထုအပါးကို ခန့်မှန်းပြီး ဈေးပေးကြပါသည်။အထီးစည်ဖောင်းသည် ရှည်မျောမျောလေးဖြစ်ပြီး အမစည်ဖေါင်းသည် ဝိုင်းသည်ဟု ဆိုကြပါ သ ည် ။ အ ထီး စ ည် ဖေါ င်း သ ည် အလယ်တွင် ထူပြီး ဘေးပတ်ချာလည် ပါးပါသည်။ အမစည်ဖေါင်းသည် တစ်ချပ်လုံး ပါးပါသည်။ ကသမြင်ငါးအထီး၏ စည်ဖေါင်းသည် အသားထူသဖြင့် အမထက် ဈေးပိုရပါသည်။ ဥပမာ - ငါးတစ်ကောင် ပိဿာ ၂၀ ရှိလျှင် စည်ဖေါင်းခန့်မှန်းခြေ ၂၀ ကျပ် သားခန့် ရှိနိုင်သည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းကြပါသည်။

ကသမြင်ငါးစည်ဖေါင်းအခြောက်ကို နေရောင်တွင်ထောင်ကြည့်လိုက်လျှင် ရွှေရောင် လဲ့လဲ့၊ ငွေရောင်အမှုန်လေး များကိုမြင်တွေ့ရပါသည်။ တချို့ရေလုပ်သားများသည် စည်ဖေါင်းကို နေမလှန်းကြသည်မှာ အလေးချိန်စီးအောင် ဖြစ်ပါသည်။ စည်ဖောင်းတွင် သွေးစွန်းရာ၊ပွန်းပဲ့ရာ၊ စည်ဖေါင်းအတံရှည်ထိပ်ပိုင်းလေး ပဲ့နေပါက ဈေးကောင်းမရကြပေ။ ထို့ကြောင့် ယခုနောက်ပိုင်း၌ အကောင်လိုက် ရောင်းကြခြင်း ဖြစ်ပါသည်။ စ ည် ဖေါ င်း အ ရော င် လှ လေ ဈေးကောင်းရလေ ဖြစ်သည်။

ကသမြင်ငါးစည်ဖေါင်းသည် လူမမာများအတွက် အင်အားပြည့်ဖြိုးစေပါသည်။ နှလုံးကိုလည်း အကျိုးပြုသည်ဟု သိရပါသည်။ တရုတ်လူမျိုးများ ဆေးဝါးဖော်စပ်ရာ၌ လည်းသုံးကြပြီး အလွန်အဖိုးတန်လှပါသည်။ ထို့ပြင် တန်ဖိုးကြီးရေမွှေးများထုတ်လုပ်ရာတွင် လည်း အသုံးပြုကြပါသည်။ အာရပ်လူမျိုးများ ကလေးမွေးပြီး မီးနေသည် ဘဝတွင် ကသမြင်ငါးစည် ဖေါင်းကို မီးရှို့ အငွေ့ရှူကြသည်ဟု ဆိုကြပါ သည်။ တချို့တရုတ်လူမျိုး နွယ်စုတစ်မျိုးသည် ယောကျ်ား (သို့မ ဟုတ်) မိန်းမ တင်တောင်းရာတွင် သုံးကြပါသည်။ ထိုသာမက ကသမြင် စည်ဖောင်းကို ကျည်ကာမှန်ပြုလုပ်ရာတွင်လည်း အသုံးပြုကြပါသည်။

ကသမြင်ငါး၏အသားသည် ကြမ်းသည်ထင်ရသော်လည်း အရသာရှိသော ငါးတစ်မျိုး ဖြစ်ပါသည်။ အသားသည်နူးညံ့၍ အရေခွံမှာ စားလိုက်လျှင် ထုတ်ထုတ်လေးနှင့် စား၍ကောင်းသည်ဟု ဆိုကြပါသည်။

စာ-၁၉ သို့